www.burmeseclassic.com

# ကဝိမျက်စိ

မင်းခိုက်စိုးစန်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၅၀၁၁၁၃၀၆၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၀၄၁၀၉၀၇

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၀၀ကျပ်

**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)

စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



# Acknowledgement

သူငယ်ချင်းများအားလုံးကို ကျေးဇူးတင်စွာဖြင့်. . .

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com



## ရည်ညွှန်းချက်

"နေမင်းကြီးဟာ ဘာလူမျိုးလဲ

အိန္ဒိယလား ? ရုရှားလား ? အမေရိကန်လား ?"

လို့ ရေးထားတဲ့ ကဗျာလေးတစ်ပုဒ် ဖတ်ရဖူးပါတယ်။

ရေးတဲ့သူက အိန္ဒိယနိုင်ငံက ကျောင်းသူလေး 'ကီတန်ရှား' ပါ။ အသက် (၈) နှစ်ပဲ ရှိသေးတဲ့ ကလေးမလေးပေါ့။

ဒီနေရာကနေပြီးတော့ ကျွန်တော် သူမကို ဦးညွှတ်လိုက်ပါတယ်။

✻



www.burmeseclassic.com

www.burmeseclassic.com



လေဟာ ဘာအသားအရောင်ရှိသလဲ၊

အဖြူလား ? အဝါလား ? အညိုလား ?

ရေဟာ ဘာ ဘာသာကိုးကွယ်သလဲ၊

ခရစ်ယာန်လား ? ဟိန္ဒူလား ? ဗုဒ္ဓဘာသာလား ?

ကျွန်တော်တို့ 'လူသား' တွေကျမှ ဘာဖြစ်လို့ ကွဲလွဲမှုတွေ၊ အငြင်းပွားမှုတွေ၊ စစ်ပွဲတွေ မဆုံးနိုင်အောင် ဖန်တီးနေကြမှာလဲ။

လာ. . . သီချင်းတစ်ပုဒ်နဲ့အတူ အားလုံးကခုန်ကြရအောင်!

✻



www.burmeseclassic.com

www.burmeseclassic.com

လူငယ်. . . တို့

သင်တို့ရဲ့ စိတ်ကူးတွေကို ချုပ်နှောင်ထားသမျှ အားလုံးကို ရိုက်ချိုးဖွင့်လှစ်ပစ်လိုက်ကြပြီး. . . သီဆိုပါ။

သီချင်းတော့ ဖြစ်ချင်မှ ဖြစ်မယ်. . .

ဒါပေမယ့်. . . အဲဒါဟာ 'ဂီတ' ဖြစ်သွားမှာတော့ သေချာတယ်။

မင်းခိုက်စိုးစန်

ကြောင်နှပ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



॥ ၁ ॥

"လူ့အသက်ရှင်နေမှုတွင် ဝင်ရိုးစွန်းနှစ်ဖက်ရှိသည်။ တစ်ဖက်က ပျော်ရွှင်သုခ (pleasure) ဖြစ်ပြီး အခြားတစ်ဖက်စွန်းကား ဝေဒနာဒုက္ခ (pain) ဖြစ်သည်" ဟု ဆိုပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ပထမဦးဆုံး ဝမ်းနည်းကြေကွဲရခြင်းသည်ကား မည်သည့် ဝင်ရိုးစွန်းသည် ပျော်ရွှင်သုခဖြစ်မှန်း သေသေချာချာ မသိရခြင်းပင်ဖြစ်၏။ ထို့ကြောင့်ပင် လူတွေသည် ဟိုဖက်သွားရမလို ဒီဖက်သွားရမလိုဖြစ်ပြီး ချာလည်ချာလည် လျှောက်နေကြခြင်း ဖြစ်ပုံရပါသည်။ ကျွန်တော် စိတ်မကောင်းပါ။

မနေ့က အိပ်မက်ထဲတွင် လူတွေအားလုံး ဝါးလုံးတန်းတစ်တန်းပေါ် ရောက်နေကြ၏။ ကျွန်တော်ကတော့ တန်ခိုးရှင်တစ်ယောက် ဖြစ်နေပါသည်။ ကျွန်တော်က ဝါးလုံးတန်းပေါ်တွင် ဟိုဖက်လျှောက်လိုက် သည်ဖက်လျှောက်လိုက် ဖြစ်နေသော လူတွေကို ကြည့်ရင်း သနားလာသည်။

ထို့ကြောင့်. . .

**"ပျော်ရွှင်သုခဟာ ဝါးလုံးရဲ့ ညာဖက်အစွန်းပဲ"** ဟု သတ်မှတ်ပြီး အားလုံးကြားအောင် အော်ပြောလိုက်၏။

လူတွေက အားရဝမ်းသာဖြင့် "ဟေး" ခနဲ အော်ဟစ်ကာ ဝါးလုံး၏ ညာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်အစွန်းဆီ စုပြုံတိုးဝှေ့သွားကြသည်။

အတော်ဆိုးရွားသွားကြောင်း သင် ခန့်မှန်းကြည့်နိုင်ပါသည်။ ဝါးလုံးသည် တစ်ဖက်စောင်းနင်းထောင်ကာ လူတွေအားလုံး ပြုတ်ကျသွားကြ၏။

အိပ်ရာမှ လန့်နိုးလာသောအခါ ကျွန်တော် ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် စိတ်မကောင်းဖြစ်မိပါသည်။

နေပါစေတော့. . . လူတွေ ချာလည်ချာလည်နဲ့ စမ်းတဝါးဝါး လျှောက်နေကြတာပဲ ကောင်းပါတယ်။

***

ကြောင်နှင့်ကောင်စားချပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



။ ၂ ။

“အချိန်ကာလဆိုသည်မှာ သေခြင်းတရား၏ အသွေးအသားသာလျှင် ဖြစ်သည်။” ဟု ဆိုပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



[illegible]

ထိုစကားကို ဖတ်ပြီး လူနှစ်ယောက် အဓိပ္ပာယ်ဖွင့်ဆိုနေကြသည်ကို ကျွန်တော် နားထောင်ဖူးသည်။ တစ်ယောက်က. . .

"အချိန်နဲ့အမျှ. . . စက္ကန့်မလပ် ကာလအတွင်းမှာကို ငါတို့ဟာ တဖျတ်ဖျတ် သေဆုံးနေရတာပဲ. . . လို့ ဆိုလိုတာကွ၊ ကြည့်လေ. . ဒါဟာ ခန္ဓာကိုယ်ရဲ့ ယိုယွင်းဖောက်ပြန်နေတဲ့သဘောကို ဆိုလိုတာ မဟုတ်ဘူးလား"

ဒုတိယတစ်ယောက်က ထိုစကားကို နားထောင်ပြီး ခေါင်းခါလိုက်၏။ သူ့အတွေးက ဆန့်ကျင်ဘက်ဖြစ်သည်။

"ငါတို့ဟာ စက္ကန့်မလပ် သေဆုံးရာက ပြန်ပြန်ရှင်သန်လာတယ်လို့ ဆိုလိုတာကွ၊ မင်း စဉ်းစားကြည့်လေ. . . သေသွားတာက ငါတို့ မဟုတ်ဘူး၊ 'သေခြင်း' ဆိုတဲ့ သဘောက သူ့ဖာသာသူ သေသွားတာ၊ ငါတို့ရဲ့ ချုပ်ငြိမ်းပျောက်ကွယ်သွားတာမှမဟုတ်ဘဲ။ ပျောက်ကွယ်ချုပ်ငြိမ်းသွားတာ



www.burmeseclassic.com

www.burmeseclassic.com



က အဲဒီသေခြင်းဆိုတဲ့ သဘောလေးတွေပါ"

နှစ်ယောက်စလုံး ပြိုင်တူ သက်ပြင်းချသံကြားရ၏။ ပထမလူက

"ငါတို့ရဲ့ ခန္ဓာဟာ မမြဲဘူးကွ"

ဟု ပြော၏။ ဒုတိယလူက. . .

"သေခြင်း ဆိုတာလည်း မမြဲပါဘူးကွာ"

ဟု ပြန်ပြောပါသည်။

မမြဲလျှင်လည်း ကော်ဖြင့်ကပ်ချင်ကပ်၊ ခါးပတ်ဖြင့် ပတ်ချင်ပတ်၊ တစ်ခုခု လုပ်ပေးထားဖို့ကောင်းပါသည်။ ကျွန်တော်ကတော့ ဘာမှဝင်မပြောပါ။ တိတ်တိတ်ကလေး နေလိုက်၏။

***



www.burmeseclassic.com

www.burmeseclassic.com



။ ၃ ။

"သေပြီးသည့်နောက် တိုမှာဖက်တွင် နောက်ဘဝ ရှိမရှိကို မည်သူတစ်ဦးတစ်ယောက်မျှ သေချာပေါက် ပြောနိုင်မည်မဟုတ်" ဟု ဆိုပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com


လော်ရီတား ဒရိုင်ဘာနှစ်ယောက်အကြောင်း ကျွန်တော် ဖတ်ဖူးပါသည်။ (John Fowles ရေးသားသော ARISTOS စာအုပ်၊ စာမျက်နှာ (၃၉) တွင် ဖြစ်၏။)

ဒရိုင်ဘာတစ်ယောက်က သူ့ကားပေါ်တွင် အုတ်ခဲများ သယ်လာသည်။ နောက် ဒရိုင်ဘာတစ်ယောက်ကတော့ ကားပေါ်တွင် ပေါက်ကွဲစေတတ်သော ယမ်းပစ္စည်းများ သယ်လာသည်။

သူတို့နှစ်ဦးအနက် မည်သူသည် ကားကို ပို၍ ဂရုတစိုက်မောင်းမည်နည်း။

ရိုးရိုးကလေးပင်ဖြစ်သည်။ ပေါက်ကွဲစေတတ်သော ယမ်းပစ္စည်းများကို သယ်ဆောင်လာသူ ဒရိုင်ဘာက ပိုပြီး ဂရုစိုက်ပါသည်။ နောက်ထပ်မေးခွန်းတစ်ခု ရှိသေးသည်။

ထို ယမ်းပစ္စည်းများကို သယ်ဆောင်လာသူ ဒရိုင်ဘာက

"နောက်ဘဝကို ယုံကြည်သူ" ဖြစ်လျှင် ပိုပြီး စိုးရိမ်ကြောက်ရွံ့မည်လား။


www.burmeseclassic.com

www.burmeseclassic.com



"နောက်ဘ၀ကို မယုံကြည်သူ" ဖြစ်လျှင် ပိုပြီး စိုးရိမ်ကြောက်ရွံ့မည်လား။

သင်ကော မည်သို့ထင်ပါသနည်း။

ကျွန်တော် ရမ်းသမ်း၍ ဖြေကြည့်လိုက်သည်။

**"နောက်ဘ၀ကို မယုံကြည်သူ" က သေရမှာပိုကြောက်မည်. . . ဟု။**

(ကျွန်တော့်အထင်က. . . နောက်ဘ၀ကို ယုံကြည်သူအဖို့ ပြန်လည် ရှင်သန်ရန် မျှော်လင့်ချက် ရှိသေးသောကြောင့် သိပ်ကြောက်လိမ့်မည်မဟုတ်ဟု အောက်မေ့လိုက်ခြင်းဖြစ်သည်။)

ကျွန်တော် မှားသွားပါသည်။

အဖြေက. . . "အတူတူပဲ" ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံးသည် ယမ်းတွေတင်လာသော လော်ရီကားကို မောင်းနှင်နေကြခြင်းဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



။ ၄ ။

"တမ္ဘာပေါ်မှာ ပထမဦးဆုံး ခြောက်သွေ့သွားသင့်တဲ့အရာကတော့ ...တ်ရည်ပါပဲ" ဟု တစ်စုံတစ်ယောက် ဆိုဖူးသည်။

●



www.burmeseclassic.com

www.burmeseclassic.com

မည်သူက ပြောတာလဲ? ကျွန်တော် မမှတ်မိတော့ပါ။ ထိုသူသည် မျက်ရည်များကို အကြောင်းမဲ့ မုန်းတီးသူတစ်ယောက် ဖြစ်ပေလိမ့်မည်။

ကျွန်တော်ကတော့ မျက်ရည်များကို အကြောင်းမဲ့ မမုန်းတီးနိုင်ပါ။ ငိုစရာရှိလျှင် ကျေကျေနပ်နပ် ငိုပစ်လိုက်မည်ဖြစ်ပြီး ရယ်စရာရှိလျှင်လည်း စိတ်ပါလက်ပါ ရယ်မောရန် အသင့်ရှိပါသည်။

သင်ကော မျက်ရည်မကျချင်ဘူးလား။

အနည်းငယ် ကိုးယိုးကားယား ဖြစ်နေပုံရသော်လည်း အတော်လှပသော ကမ္ဘာကျော်ကဗျာတစ်ပုဒ် ရှိပါသည်။

**"ကိုယ့်ရန်သူရဲ့ အုတ်ဂူပေါ်**

**ကျရတဲ့မျက်ရည်ဟာ. . . သန့်ရှင်းဖြူစင်တယ်"**

ဟူ၍ ဖြစ်ပါသည်။

ထိုအတိုင်းသာ မှန်မည်ဆိုလျှင်တော့. . . ကျွန်တော်က 'မျက်ရည်ကျသူ' သာ ဖြစ်ချင်ပါတော့သည်။

အုတ်ဂူထဲကလူ မဖြစ်ချင်ပါ။

❊ ❊ ❊

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



" ၅ "

" 'တောင်းခြင်းတရား' များသည် ကျွန်တော်တို့ အိမ်တံခါးဝရောက်ခါမှ လှည့်ပြန်သွားရသည်။ အဘယ်ကြောင့်ဆိုသော်. . ကျွန်တော်တို့အိမ်ထဲတွင် သောကပရိဒေဝများကို လက်ခံထားနှင့်ပြီးသား ဖြစ်သောကြောင့်ပင်" ဟု ဆိုပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com



ထို အဆိုအမိန့်ကို ဖတ်ပြီး ကျွန်တော် အတော် စဉ်းစားသွားရပါသည်။ ကျွန်တော်တို့ အိမ်ထဲမှာ တကယ်ပဲ သောကပရိဒေဝတွေ ရှိနေတာလား. . .၊ ကောင်းခြင်းတရားကကော ဘာလို့ ဝင်မလာရတာလဲ။

ကျွန်တော့်ဘကြီးတစ်ယောက်ကတော့ နိမိတ်ကောင်း လာဘ်ကောင်းတွေ ဝင်လာရန်. . . ဟု ဆိုကာ အိမ်အဝင်ဝတည့်တည့်တွင် **"ဆီရေချိုးဆေးမှုံးမီးလှုံ့ စပါးတောင်လိုပုံ"** ဟူသော စာတန်းကို ရေး ချိတ်ထားပါသည်။

"ဆီကို ရေချိုးလျှင် ချွဲကျိကျိ ဖြစ်နေမှာပေါ့" ဟု ကျွန်တော် တွေးမိသော်လည်း ဘကြီးကို အားနာသောကြောင့် ဘာမှမပြောဖြစ်လိုက်ပါ။ (ဘကြီး၏ လက်ရုံးရည်က ကျွန်တော့်ထက် များစွာသာလွန်နေသည်ကလည်းတစ်ကြောင်း ဖြစ်ပါသည်။)

ကျွန်တော်ကတော့ ဆေးရှိုးမီးလှုံ့သည့်အခါ မီးခိုးမွှန်ပြီး ချောင်းတဟွပ်ဟွပ် ဖြစ်နေမည့် ဘကြီး၏အသွင်သဏ္ဍာန်ကိုတွေးကာ ကြိတင်စိတ်မကောင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပင် သူမျှော်လင့်ထားသော ကောင်းခြင်းတရားများကလည်း အိမ်ထဲသို့ဝင်မလာခဲ့ပါ။

ကောင်းခြင်းတရားဆိုတာ ဘာလဲ?

ကျွန်တော် အလွန်မြတ်နိုးသော ယွန်းဘူးလေးတစ်ဘူးကို (ငယ်ငယ်တုန်းက) ရခဲ့ဖူး၏။ ထိုယွန်းဘူးကလေးရသည့်နေ့သည် ကျွန်တော့်အတွက် 'ကောင်းခြင်းတရား' တို့ ပေါင်းစုံခဲ့သည့်နေ့ပင်ဖြစ်ပါသည်။

သိပ်မကြာလိုက်ပါ။ တစ်ပတ်ခန့်အကြာတွင် ထိုယွန်းဘူးကလေး ပျောက်သွားသည်။ သောကပရိဒေဝများနှင့် ငိုကြွေးနေသော ကလေးတစ်ယောက်သာ ကျန်ခဲ့၏။

ထိုအဖြစ်အပျက်ကို ပြန်သတိရတိုင်း ကျွန်တော့်စိတ်ထဲမှာ. . .

ထိုယွန်းဘူးကလေးဟာ. . . ကောင်းခြင်းတရားလား? ဆိုးခြင်းတရားလား? ဟု မေးခွန်းထုတ်နေမိဆဲ ဖြစ်ပါသည်။

***



www.burmeseclassic.com

www.burmeseclassic.com



။ ၆ ။

"မြတ်နိုးဖွယ်ရာ ဆက်ဆံရေးမှန်သမျှတို့ကို ဖျက်ဆီးပစ်တတ်သော အရာသည် 'သံသယ' ဖြစ်၏" ဟု ဆိုပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com



**ထိုစကားကို ဆိုခဲ့သူမှာ 'ကလေးသူငယ်တို့၏အကြောင်းကို အသိဆုံး ပုဂ္ဂိုလ်' အဖြစ် နာမည်ကျော်သူ Dorothy Mead ဖြစ်ပါသည်။**

**(သူမက 'ကလေးသူငယ်များအကြောင်း အသိဆုံး'** ဟု ဆိုသောကြောင့် **ဝမ်းဆွဲသည်မကြီးများ** ဖြစ်လေမလားဟု ကျွန်တော် တွေးလိုက်မိသေးသည်။ **နောက်မှ လူမှုသိပ္ပံပညာရှင်ဖြစ်မှန်း** သိရပါသည်။)

**သူမစိတ်ထဲတွင်** သံသယဟူသောအရာကို ဖျက်လိုဖျက်ဆီး အမှောင့် **ပယောဂတစ်ခုသဖွယ် ခံယူနားလည်ထားပုံရပါသည်။** သို့ သော်. . . သံသယ၏ **အခြားမျက်နှာစာတစ်ဖက်ရှိသေးကြောင်း** သူမ **ရိပ်စားမိခဲ့ပုံ**မပေါ်ပါ။

**ကျွန်တော့်စိတ်ထင်** ပြောရလျှင်. . .

လောကတွင် ယုံကြည်စိတ်ချစရာ **အကောင်းဆုံးအရာမှာ** 'သံသယ' ဖြစ်သည်ဟုပင် ဆိုချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် . . . သင်သည် အရာအားလုံးကို သံသယ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခွင့်ရှိသည်။ သံသယဖြစ်ကြည့်၍ရသည်။

သို့ရာတွင်. . . သံသယကို သံသယ ပြန်ဖြစ်၍မရပါ။ တစ်စုံတစ်ရာသော သံသယကတော့ နောက်ဆုံးအချိန်ထိ ကြွင်းကျန်ရစ်နေဦးမည်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



■ ၇ ■

"ချစ်ခြင်းသည် ဝေဒနာခံစားရခြင်းဖြစ်၏။ သို့ပါလျက် လူသည် တစ်စုံတစ်ယောက်ကို ချစ်ဖို့ လိုအပ်နေသည်ဟု သူ့ကိုယ်သူထင်ခြင်းမှာ မိုက်မဲသော သတ္တဝါဖြစ်ခြင်းကြောင့်ပင်တည်း"

●



www.burmeseclassic.com

www.burmeseclassic.com



ဆေးပညာစာအုပ်တစ်အုပ်ထဲတွင် မက်ဆိုခစ်ဇင် (MASOCHISM) ဟူသော ဝေါဟာရတစ်လုံးကို တွေ့ခဲ့ဖူးပါသည်။ ထိုရောဂါ၏ အဓိပ္ပာယ်မှာ လိင်စိတ်ဖောက်ပြန်မှုတစ်မျိုးဖြစ်ပြီး တခြားသူတစ်ယောက်က မိမိကို သွေးထွက်သံယိုဖြစ်အောင် နှိပ်စက်သည်ကို ခံခြင်းဖြင့် စိတ်ကျေနပ်မှုရသော ကာမဂုဏ်ခံစားမှုဟု ဆိုလိုပါသည်။

ထိုရောဂါအကြောင်းကို ဖတ်ပြီး ကျွန်တော် အတွေးများစွာ တွေးခဲ့ဖူး၏။

ကိုယ့်ခန္ဓာကိုယ်က ဒဏ်ရာတွေမှာ သွေးအလူးလူးဖြစ်နေတဲ့ လူတစ်ယောက်ဟာ အဲဒီနာကျင်မှုကို တပ်မက်ပီတိဖြစ်နိုင်ပါ့မလား။

သင့်အနေဖြင့် မည်သို့ထင်မြင်ပါသနည်း။

ကျွန်တော်ကတော့ ပန်းပွင့်များပွင့်သော ဤကမ္ဘာမြေကြီးပေါ်တွင်. . .၊ ပန်းပွင့်များ ကြွေကျသော ဤကမ္ဘာမြေကြီးပေါ်တွင် လူတိုင်းသည် မက်ဆိုခစ်ဇင် (MASOCHISM) ရောဂါရနေသူများ ဖြစ်သည်ဟု ထင်ပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သင်လည်းပါသည်။ ကျွန်တော်လည်းပါသည်။ ကျွန်တော်တို့ အားလုံးသည် နာကျင်သောဝေဒနာကို တပ်မက်လျက် ဒီဘဝကို ခံမင်နေကြခြင်းဖြစ်သည် မဟုတ်လား။

တစ်စုံတစ်ယောက်ကို သင် ချစ်ဖူးပါလိမ့်မည်။ သင် ဝေဒနာခံစားရဖူးပါလိမ့်မည်။

ကျွန်တော့်အထင်ပြောရလျှင် တစ်စုံတစ်ယောက်ကို ချစ်ရခြင်းသည်လည်းကောင်း၊ ကြိုးဆွဲချသေရခြင်းသည်လည်းကောင်း၊ နှစ်ခုစလုံးသည် ဝေဒနာ ခံစားရသည်ချင်း အတူတူဖြစ်သည်ဟု ထင်၏။

သို့သော်. . . ကြိုးဆွဲချလိုက်လျှင် သင်သည် ဝေဒနာကို တစ်မိနစ်မျှသာ ခံစားရမည်ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



။ ၈ ။

"နှစ်ပေါင်းများစွာ တည်တန့်သော 'နာမည်' တစ်ခု ဆိုသည်မှာ မိမိ အလုပ်ကို မိမိ အကောင်းဆုံး လုပ်ခဲ့သူတစ်ယောက်အတွက် ညီမျှသော ရလာဒ် ဖြစ်သည်"

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တော့ 'နာမည်' ဆိုတာ ဘာလဲ? ဟု မေးခွန်း ပြန်ထုတ်နေမိပါသည်။

မည်သူကမှ အဓိပ္ပာယ်ဖွင့်ဆိုပေးနိုင်ပါသနည်း။ နာမည်ဆိုသည်မှာ ခေါ်ဝေါ်စရာတစ်ခုဖြစ်သည်။ ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုဖြစ်သည်။ လူအများ၏ ထင်မြင်ချက်တို့ဖြင့် ဖွဲ့စည်းထားသည့် အရေခွံတစ်ခု ဖြစ်ပါသည်။

ဂျော်နီဝေါကား အရက်တစ်ပုလင်းတွင် အထဲတွင် အရည်က ကောင်းသလား၊ အပြင်က တံဆိပ်က ကောင်းသလားဟုမေးလျှင် သင် မည်သို့ဖြေမည်ကို ကျွန်တော် သိချင်ပါသည်။

ကျွန်တော် ဖတ်ဖူးသော ဟာသတစ်ခုကို ပြောပြချင်သည်။

❋



www.burmeseclassic.com

www.burmeseclassic.com



ကုန်စုံဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ လက်ထဲတွင် နွားနို့ပုလင်းများ ကိုင်လာ၏။ ထိုသူက ကုန်စုံဆိုင်ပိုင်ရှင်အား မနေ့က သူပို့ခဲ့သော နွားနို့များအတွက် ငွေရှင်းပေးရန်ပြောသည်။

ကုန်စုံဆိုင်ပိုင်ရှင်က. . .

"နေစမ်းပါဦး. . . ခင်ဗျားနာမည်က ဘယ်သူလဲ"

"ရှိတ်စပီးယား"

ဟု နွားနို့ပို့သူက ပြန်ဖြေသည်။ ကုန်စုံဆိုင်ပိုင်ရှင်က တွေဝေစဉ်းစားနေပြီး. . .

"ရှိတ်စပီးယား. . . ဟုတ်လား၊ အင်း. . . ဒီနာမည်ကို ကျွန်တော် ကြားဖူးသလိုပဲ"

"ခင်ဗျား ကြားဖူးမှာ သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီရပ်ကွက်တစ်ဝိုက်ကို ကျွန်တော် နွားနို့ပို့နေတာ သုံးနှစ်ရှိပြီ"

❊

'နာမည်' ဆိုတာ ဘာလဲ. . . ဟု ကျွန်တော် ထပ်မေးချင်ပါသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



။ ၉ ။

" 'ပိုက်ဆံ' ဆိုသည်မှာ ရုပ်ဖျက်ထားသော အပြစ်ကျူးလွန်မှုတစ်ခု ဖြစ်သည်"

●



www.burmeseclassic.com

www.burmeseclassic.com



ယူဂျင်းဖီးလ်ဒ်၏ ဝတ္ထုတစ်ပုဒ်ထဲတွင် ဘုန်းတော်ကြီးဖြစ်သူ ဇာတ်ကောင်တစ်ယောက်က ထိုစကားကို ပြောခဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထုအမည်ကိုမူ ကျွန်တော် မမှတ်မိတော့ပါ။

ကျွန်တော်က ( 'အပြစ်ကျူးလွန်မှု' ဟု အမည်တပ်ထားသော) ထိုပိုက်ဆံကို မရမက လိုက်လံရှာဖွေနေသည့် 'လူ' များကိုသာ ပိုစိတ်ဝင်စားမိပါသည်။ ကျွန်တော့်စိတ်ကူးထဲတွင်. . .

'ပိုက်ဆံ' နှင့် ပတ်သက်၍ 'လူ' များကို ဝိဘာဂ (၆) မျိုး ခွဲခြားထား၏။

**ပထမတစ်မျိုးက** . . . ပိုက်ဆံ၏နောက် တကောက်ကောက် လိုက်နေသူများ ဖြစ်သည်။ ထိုသူများကို 'ရုပ်ဝတ္ထုပစ္စည်း ကိုးကွယ်သူများ' ဟု ကျွန်တော်က အမည်ပေးထားပါသည်။

**ဒုတိယတစ်မျိုးက** . . . ပိုက်ဆံကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများဖြစ်၏။ ထိုသူတို့ကို ကျွန်တော်က 'အရင်းရှင်များ' ဟု အမည်ပေးထားပါသည်။

**တတိယတစ်မျိုးက** . . . ပိုက်ဆံကို ဖြုန်းတီးပစ်သူများ ဖြစ်သည်။ ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုကား 'အပျော်အပါး လိုက်စားသူများ' ဟု အမည်ပေးပါသည်။

**စတုတ္ထတစ်မျိုးက** . . . ပိုက်ဆံမရှိဘဲ အေးအေးလူလူ နေထိုင်ကြသူများဖြစ်၏။ ထိုသူတို့ကို ကျွန်တော်က 'ရည်မှန်းချက် ကြီးကြီးမားမား မရှိသူများ' ဟု အမည်ပေးထားပါသည်။

**ပဉ္စမတစ်မျိုးက** . . . အလုပ်မလုပ်ဘဲ ပိုက်ဆံရနေသူများဖြစ်သည်။ ထိုသူတို့ကိုကား 'ကပ်ပါးကောင်များ' ဟု အမည်ပေးလိုက်သည်။

**ဆဋ္ဌမတစ်မျိုးက** . . . ဘဝတစ်လျှောက်လုံး တပင်တပန်း လက်နှင့်မပြတ်အောင် အလုပ်လုပ်ပြီးမှ ပိုက်ဆံရကြရှာသူများဖြစ်သည်။ ထိုသူတို့ကား 'ဘဝ' ထံမှ ဘာတစ်ခုမျှ ရလိုက်ကြသူများ မဟုတ်သောကြောင့် 'အရှုံးများ' ဟု ကျွန်တော် အမည်ပေးလိုက်ပါသည်။

❊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ လူအမျိုးအစား ခွဲခြားမှုနှင့် ပတ်သက်ပြီး သင့်အနေဖြင့် သဘောတူကောင်းမှ တူမည်ဟု ကျွန်တော် ကြိုတင်နားလည်ထားပါသည်။

သင်ကော ပိုက်ဆံကို မည်သို့ရှာပါသနည်း။ ကျေးဇူးပြု၍ (ကျွန်တော့်ကို အမြင်မကတ်ဘူးဆိုလျှင်) နောက်ထပ် မေးခွန်းတစ်ခု မေးခွင့်ပြုပါ။

ပိုက်ဆံရှာခြင်းဖြင့် သင့်ကိုယ်သင် အပြစ်ကျူးလွန်မှုတစ်ခုကို ရှာဖွေနေရသလို ခံစားရပါသလား။

တစ်ခါတုန်းက မိတ်ဆွေတစ်ယောက်ကို ကျွန်တော် မေးကြည့်ခဲ့ဖူးသည်။

"ကိုယ့်ဘဝရဲ့ လုံခြုံမှုကို မရရတဲ့နည်းနဲ့ ရှာတာတရားသလား၊ မတရားဘူးလား"

"တရားတာပေါ့"

ဟု ထိုမိတ်ဆွေက ဖြေ၏။ ထို့ကြောင့် ကျွန်တော်က. . .

"ပိုက်ဆံဆိုတာ ဘဝရဲ့ လုံခြုံမှုအတွက် လိုအပ်တယ်မဟုတ်လား၊ ဒါဆို. . . ပိုက်ဆံကို မရရတဲ့နည်းနဲ့ရှာတာ တရားရာရောက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်မေးလိုက်သောအခါ ထိုမိတ်ဆွေက အတော်ကြာအော[illegible]ဉ်း စားနေပြီးမှ ခေါင်းကို ခပ်လေးလေးယမ်းပြ၏။

သူ့ဖာသာသူလည်း သိပ်သေချာပုံမရပါ။

ကျွန်တော်တို့သည် တစ်နေရာရာတွင် လွဲချော်နေခဲ့ကြပြီဖြစ်ပါသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



▮ ၁၀ ▮

"အပေါင်းတို့၏ နေရာတွင် အသစ်တို့က အစားထိုးနေရာယူခြင်းသည် လူ့သမိုင်း၏ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ပေတည်း"

●



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသားသားပြောရလျှင် ဂျွန်ရပ်စကင် (John Ruskin)၏ ထိုအဆိုကို ကျွန်တော် သိပ်သဘောမတူလိုပါ။ အဘယ်ကြောင့်ဆိုသော် ‘ပဒိုးတက်သည်’ ဆိုသော ဝေါဟာရသည် ကျွန်တော်တို့စိတ်အလိုကိုလိုက်၍ ဖန်တီးထားသော စိတ္တဇစကားလုံးတစ်လုံးမျှသာ ဖြစ်သည်ဟု ကျွန်တော် ယူဆသောကြောင့် ဖြစ်ပါသည်။

အပေါင်းသည် အပေါင်းဖြစ်၏၊ အသစ်သည် အသစ်ဖြစ်၏၊ ယင်းတို့သည် ပကတိတရားများသာ ဖြစ်ကြသည်။ ‘တိုးတက်သည်’ ဟု လည်းကောင်း၊ ‘ဆုတ်ယုတ်သည်’ ဟု လည်းကောင်း ပြောရန်မှာမူ ပြောသူ၏ တာဝန်သာဖြစ်သည် ဟု ကျွန်တော် ထင်ပါသည်။

ကတ်သီးကတ်သတ် ပြောရလျှင် ဥရောပတိုက်သားလူဖြူများသည် သူတို့ကိုယ်သူတို့ အင်ဒီးယန်းလူရိုင်းမျိုးနွယ်များတွင် လူတိုင်းလူတိုင်းသည် (၁) စာစရာ အတွေးမရှိပါ။ (၂) အခွန်ဆောင်ရန် မလိုပါ။ ဥရောပတိုက်သား လူဖြူများအဖို့ ထိုသို့ ကြွေးမရှိသော၊ အခွန်ဆောင်ရန်မလိုသော လူ့အဖွဲ့အစည်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထိရောက်အောင် တိုးတက်ဖို့ဆိုလျှင် ရာစုနှစ်ပေါင်းများစွာ ကြာလိမ့်ဦးမည်ဟု အောက်မေ့ရပါသည်။

သင့်အနေဖြင့် သည်ကိစ္စကို ‘ရယ်စရာ’ တစ်ခုလို သဘောမထားစေလိုပါ။

နောက်ထပ် စဉ်းစားစရာတစ်ခုပြောရန် ကျန်နေပါသေးသည်။ (သည်အချက်ကတော့ ‘ငိုစရာ’ ပင် ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။)

၂၁ ရာစုဆီ တူးလာခဲ့ပြီဖြစ်သော ကျွန်တော်တို့၏ တမ္ဘာကြီးတွင် ဘာသာတရားများ၊ အတွေးအခေါ်များ၊ ကိုယ်ကျင့်တရားစည်းမျဉ်းများ အသစ်အသစ် ပေါ်တွင်ခဲ့သည်။

သို့ရာတွင် လူသားတို့ ကျူးလွန်နေကြသော မကောင်းမှုများသည်တား တိုး. . . အရင်ကအတိုင်းပင်။

အသစ်တို့သည် အဟောင်းတို့ကို အနိုင်ရစမြဲဟု ကျွန်တော်တော့ သေချာ ပေါက်မပြောရဲပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



▮ ၁၁ ▮

"ကမ္ဘာလောကကြီးတစ်ခုလုံးကို အတွေးအခေါ်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။"

●



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည်. . .

ဒဿနပညာရှင်တစ်ဦး၏ အဆိုအမိန့် ဖြစ်ပုံရပါသည်။ ဆရာဝန်တိုင်းသည် ကိုယ်ပေးသောဆေးကမှ ရောဂါအတွက် အထိရောက်ဆုံးဟု ကိုယ့်ဖာသာကိုယ် ထင်တတ်ကြသလိုမျိုးပင်။

ဒဿနပညာရှင်ကလည်း အတွေးအခေါ်ကို အစွမ်းအထက်ဆုံးဆေးအဖြစ် ယူဆသည်မှာ သိပ်တော့အပြစ်ပြောစရာမရှိပါ။

❋



www.burmeseclassic.com

www.burmeseclassic.com



"အတွေးအခေါ်ဟာ ဘယ်လောက်ထိ အရေးကြီးသလဲ"

ဟု ကျွန်တော့်ကို လာမေးလျှင်တော့ ကျွန်တော်က. . .

"ဟိုလို. . . ဒီလို. . . သာမန်ပါပဲ"

ဟု ပြန်ဖြေမိမည်ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးကို တည်ဆောက်ထားရလောက်အောင်တော့ မဟုတ်တာ သေချာပါသည်။ (ဒဿနပညာရှင်များက ဝိုင်းမရိုက်ကြဘူးဆိုလျှင်) အတွေးအခေါ်သည် ဖိနပ်တစ်ရံလောက်၊ ရေခွက်တစ်ခွက်လောက်၊ အင်္ကျီတစ်ထည်လောက် (သို့မဟုတ်) အခြားအလားတူ တစ်စုံတစ်ရာလောက်ပင် အရေးကြီးသည်ဟု ဖြေချင်ပါသည်။

ကျွန်တော်တို့သည် ထမင်းကို ပါးစပ်ဖြင့် စားခြင်းကိစ္စ၌ သိပ်တွေးခေါ်စရာမလိုပါ။ 'ဆူးစူးမှ ကြောက်သောအခါ ဖိနပ်စီးသွားကြပါသည်။ အတွေးအခေါ်များကို စီး၍မသွားပါ။

ကျွန်တော် ဆိုလိုသည်မှာ အရာရာတိုင်းတွင် သူ့အကန့်အသတ်နှင့်သူရှိနေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးသည် ကမ္ဘာကြီးဖြစ်၏။

အတွေးအခေါ်သည် အတွေးအခေါ်ဖြစ်၏။

ဖိနပ်သည် ဖိနပ်ဖြစ်၏။

လူသည် လူဖြစ်၏။

အားလုံးသည် ပကတိတရားများသာ ဖြစ်ကြပါသည်။ သကြားခဲသည် ချိုနေရခြင်းမှာ ပကတိသဘောဖြစ်၏။ ချိုသောကြောင့်သာ ချိုနေခြင်းဖြစ်သည်။ မည်သည့်အတွေးအခေါ်ကြောင့်မှ ချိုသွားခြင်းမဟုတ်ပါ . . . ဟု ပြောလျှင် သင်လက်ခံနိုင်မည် ထင်သည်။

သကြားသည် ချိုသည်။ ထို့ကြောင့် ပုရွက်ဆိတ်များက ကြိုက်ကြသည်။ မုန့်လုပ်ရာတွင် အသုံးပြု၍ ရသည်ဟူသော ဆင်ခြင်မှုကား အတွေးအခေါ်ကိစ္စ ဖြစ်သွား၏။

သို့ရာတွင် သကြားဆိုသောအရာသည် ပုရွက်ဆိတ်များနှင့် မုန့်သည်များ အတွက် ပေါ်ပေါက်လာသောပစ္စည်းမဟုတ်ပါ။ ပုရွက်ဆိတ်များနှင့် မုန့်သည်များ မရှိလျှင်လည်း သကြားသည် ကမ္ဘာလောကကြီးထဲတွင် သူ့နည်းသူ့ဟန်နှင့် သူ ရပ်တည်နေနိုင်မည်သာ ဖြစ်၏။

သင့်အနေဖြင့် တွေးခေါ်ခြင်းကို မြတ်နိုးပါက စိတ်ကြိုက်တွေးခေါ်နိုင်ပါသည်။ ကျွန်တော် ကန့်ကွက်လိမ့်မည် မဟုတ်ပါ။

သို့ရာတွင် . . . လောကကြီးသည်လည်းကောင်း၊ လူများသည်လည်းကောင်း အစကတည်းက သူ့ဖာသာသူ ရပ်တည်နေသော ပကတိတရားများသာ ဖြစ်ပြီး သင့်အတွေးအခေါ်များမှန်ကန်ကြောင်း ပြသရန် ဖြစ်ပေါ်နေခြင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သဘောပေါက်လျှင် ဝါဒရေးရာစစ်ပွဲများ ဆင်နွဲတိုက်ခိုက်ရန်မလိုဘ
ဲဒုက္ခတစ်ခု ငြိမ်းသွားလိမ့်မည်ဖြစ်ပါသည်။

✻



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကား ထိုအချက်ကို သဘောမပေါက်ရှာပါ။

သူက နှင်းဆီပန်းသည် ကြက်သွန်ဖြူထက် ပိုမွှေးသည် ဟု တွေး၏။

ထို့ကြောင့် စွပ်ပြုတ်အိုးထဲကို ကြက်သွန်ဖြူ မထည့်ဘဲ နှင်းဆီပွင့်များ ခြွေထည့်ကာ ချက်သည်။

အကယ်၍ အခါအခွင့်သင့်လျှင် သင့်ကို နှင်းဆီပန်းများဖြင့် ပြုတ်ထားသော စွပ်ပြုတ်တစ်ပွဲ တိုက်ကျွေးချင်ပါသေးသည်။

***



www.burmeseclassic.com

www.burmeseclassic.com



■ ၁၂ ■

"ကိုယ့်အလုပ်ကိုယ် အာရုံမစိုက်တဲ့ လူတွေကို ဘုရားသခင်ကလည်း အာရုံမစိုက်ဘူး"

●



www.burmeseclassic.com

www.burmeseclassic.com



ဆာဗီးလ် (Saville) ၏ စကားများဖြစ်ပါသည်။ အမှန်အတိုင်း ပြောရလျှင် ကျွန်တော်. . . သူနှင့် မငြင်းခုံလိုပါ။ သို့ရာတွင် ပုံပြင်လေးတစ်ပုဒ် ပြောပြချင်ပါသည်။

လှေကြီးတစ်စင်းပေါ်တွင် လူခုနှစ်ယောက် လိုက်ပါလာကြသည်။ **ပထမတစ်ယောက်က** အဆိုးမြင်ဝါဒီဖြစ်သည်။ ထိုသူက "ဒီလှေကြီးနဲ့ ခရီးသွားနေရတာဟာ တစ်လျှောက်လုံး ဒုက္ခခံနေရဖို့ သက်သက်ပဲ" ဟု ပြော၏။

**ဒုတိယတစ်ယောက်က** အတ္တဝါဒီဖြစ်သည်။ သူ့ဆောင်ပုဒ်က 'ဒီနေ့အဖို့ပျော်အောင်နေ' ဟု ဆို၏။ သူက လှေပေါ်တွင် သူ့တစ်ကိုယ်စာ အဆင်အပြေဆုံးနေရာတစ်ခုရှာ၍ သက်သောင့်သက်သာ ဇိမ်ခံရင်း လိုက်ပါလာသည်။

**တတိယတစ်ယောက်က** လေ့လာသူဖြစ်သည်။ သူက ခရီးစဉ် တစ်လျှောက်လုံး တွေ့ရသမျှကို စာအုပ်ထဲ ရေးမှတ်သည်။ လှေပေါ်တွင် ပါလာသူတို့၏ ပြုမူလုပ်ဆောင်ချက်များကို မှတ်တမ်းတင်သည်။ စောင့်ကြည့်အကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ပဥ္စမတစ်ယောက်က** အများအကျိုးဆောင်သူဖြစ်၏။ သူက လှေပေါ်တွင် ပါလာသူတို့၏ လိုအပ်ချက်မှန်သမျှကို မည်သို့ကူညီဖြည့်ဆည်းရမည်နည်းဟု အမြဲမပြတ် နည်းလမ်းရှာနေသူဖြစ်သည်။

**ဆဋ္ဌမတစ်ယောက်က** 'စတိုးဝစ် ဝါဒီ' ဖြစ်သည်။ သူကား ဘာကိုမှ မယုံကြည်။ သည်လှေကို စီးသွားခြင်းဖြင့် သာယာလှသော တစ်နေရာရာသို့ ရောက်နိုင်မည်ဟုလည်းမထင်။ သို့ရာတွင် လှေပေါ်မှလည်း ခုန်မချရဲ။

**နောက်ဆုံးတစ်ယောက်က** ကလေးငယ်ဖြစ်၏။ သူက ဘာကိုမှမသိ သိအောင် ကြိုးစားရန်မှာလည်း သူ့အလုပ်မဟုတ်။ တွေ့ကြုံရသော ဒုက္ခဟူသမျှကို လူကြီးများက ဖြေရှင်းပေးပြီး နောက်ဆုံးတွင် သူ့ကို ရတနာကျွန်းဆီ မရောက် ရောက်အောင် ပို့ပေးလိမ့်မည်ဟူသည့် အတွေးဖြင့်သာ သူ ကျေနပ်နေ၏။

ထိုလှေကြီးသည် လောကလှေဘောင်ဟု အမည်တပ်ထားသော လှေဖြစ် ပါသည်။

❊



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာအထိ ကျွန်တော့်ပုံပြင်က ဘာမှပြဿနာမရှိသေးပါ။ အသွင်အားဖြင့်ကော အမြင်အားဖြင့်ပါ မတူညီသူများ အတူတကွ ရှိနေသည့်တိုင် လေ့သည် သွားမြဲသွားလျက် ရှိပါသေးသည်။ လူ့လောကသည် ခုတ်မောင်းမြဲ ခုတ်မောင်းနေဆဲပင်ဖြစ်ပါသည်။

သို့ရာတွင် တစ်နေရာအရောက်၌ ဖောင်ဖြင့် မျှောလာသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဆယ်ပြီး လှေပေါ်တင်လိုက်ကြ၏။ ထိုသူက လက်သမားဆရာဖြစ်သည်။

လှေပေါ်တွင် သူ့ကို နေစရာ တစ်နေရာပေးလိုက်သည်။

ခဏကြာသောအခါ လက်သမားဆရာက သူ့လွယ်အိတ်ထဲမှ လွန်ပူကို ထုတ်ပြီး သူထိုင်နေသည့် လှေဝမ်းကို လွန်ဖြင့် ဖောက်လေသည်။

ကျန်သူများက အံ့ဩတကြီးဖြင့် ဝိုင်းမေးကြသည်။

"ဟာ. . . ခင်ဗျား ဘာလုပ်တာလဲ"

"ကျုပ်အလုပ်ကို ကျုပ်လုပ်တာဗျာ. . .၊ ခင်ဗျားတို့ ထိုင်တဲ့နေရာကို ဖောက်တာမှမဟုတ်ဘဲ၊ အနေသာကြီးပါ. . . ခင်ဗျားတို့ ကိုယ့်အလုပ် ကိုယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝရုစိုက်ကြစမ်းပါဗျာ"

သူတို့အားလုံးက ကိုယ့်အလုပ်ကိုယ် ပြန်အာရုံစိုက်နေလိုက်ကြ၏။ ခဏ ကြာသောအခါ လေ့နစ်သွားပါသည်။

*

ကျွန်တော်က ဖြစ်နိုင်လျှင် ထိုလေ့ပေါ်တွင် ဆာဗီးလ် (Saville) ကို တင် ပေးလိုက်ချင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



■ ၁၃ ■

"လူတစ်ယောက်ရဲ့တန်ဖိုးကို သူဖြတ်သန်းခဲ့တဲ့သမိုင်းက အဆုံးအဖြတ်ပေးတယ်"

●

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကတော့ မည်သည့်ကမ္ဘာကျော်ပုဂ္ဂိုလ်ကမှ ပြောခဲ့ခြင်း မဟုတ်ပါ။ ကျွန်တော့်မိတ်ဆွေကြီးတစ်ယောက်က ပြောခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်က လက်ဝဲသန်သူဖြစ်သည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ်များ နောက်ပိုင်းတွင်တော့ သူ. . . သိပ်ပြီး လက်ဝဲမသန်တော့ဟု ကြားရပါသည်။ ကျွန်တော့်အထင်. . . သူ့လက်ဝဲဘက်အခြမ်းလေဖြတ်သွားပုံရသည်။

ကျွန်တော်ကတော့ ကျွန်တော်၏ တန်ဖိုးကို မည်သည့်အတိုင်းအတာ အားဖြင့်မှ အဆုံးဖြတ်ခံလိုသူမဟုတ်ပါ။

လူဟာ. . . သူ့ဖာသာသူ လူဖြစ်နေရုံဖြင့်ကော တန်ဖိုးတစ်ခုမရှိဘူး လား. . . ဟု ကျွန်တော် မေးချင်ပါသည်။ တစ်စုံတစ်ရာက အဆုံးအဖြတ်ပေးမှ တန်ဖိုးဆိုတာ ရှိရတော့မှာလား. . .။ ကျေးဇူးပြု၍ ပညာရှင်များ ဖြေကြစေ လိုပါသည်။

တန်ဖိုးတစ်ခု သတ်မှတ်ဖို့ဆိုလျှင် ထိုတန်ဖိုးကို ပိုင်းခြားသော ဘောင် တစ်ခုထဲသို့ ထည့်သွင်းပြီး တိုင်းတာရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သင်. . . သဘောမတူလျှင်လည်း မတတ်နိုင်ပါ။

ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကိုယ် ရောင်းချချင်နေသော ဆိတ်များ၊ နွားများ၊ ဝက်များ မဟုတ်ကြပါ။ ကျေးဇူးပြု၍ ကျွန်တော်တို့ကို ချိန်ခွင်ပေါ် မတင်ကြပါနှင့်။

ကျွန်တော့်ကို ဘာတန်ဖိုးမှ မရှိဟု ဆုံးဖြတ်လျှင်လည်း ကိစ္စမရှိ ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏တန်ဖိုး. . . ဆိုသည်မှာ ဘာလဲ?

ခန္ဓာဗေဒပညာရှင်များ ပြောကြသော စကားတစ်ခွန်း ရှိပါသည်။ လူ့ခန္ဓာကိုယ်ထဲတွင်ရှိသော အဆီ၊ သကြားဓာတ်၊ ဆားဓာတ်၊ သတ္တုဓာတ်တို့ကို တစ်ခုချင်းစီ ခွဲခြားထုတ်ယူပြီး တစ်ပုံချင်းပုံကာ ယနေ့ ဆီဈေး၊ ဆားဈေးအတိုင်း ရောင်းချလျှင်၊ ငွေကျပ် ၆ ၂၀တန်သည်. . . ဟု ဆိုပါသည်။

✻

ကျွန်တော်သည် ၆ ကျပ် ပြား ၂၀ တန် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



။ ၁၄ ။

စစ်မှန်သော ပျော်ရွှင်မှုသည် အသိပညာတွင် ရှိသည်။

●

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုရိုးမှာ ဒတ်(ချ်)စကားပုံတစ်ခုသာ ဖြစ်ပါသည်။

ကျွန်တော်ကတော့ ထိုစကားကို အတော် သံသယဖြစ်မိ၏။ တကယ်တမ်း အချေအတင် ငြင်းကြခုံကြမည်ဆိုလျှင် "ပျော်ရွှင်ခြင်း ဆိုတာ ဘာလဲ?" ဟူသည့် မေးခွန်းတစ်ခုတည်းနှင့်ပင် အကြီးအကျယ် ပြဿနာတက်စရာရှိပါသည်။

'ပျော်ရွှင်ခြင်း' ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို ကျွန်တော် ယခုထိ သေချာစွာ နားမလည်သေးပါ။ ပျော်ရွှင်တယ်. . .၊ မပျော်ရွှင်ဘူး. . . ဟု ဆုံးဖြတ်ပေးဖို့ရန် တိုင်းတာရမည့် ပေတံကိုလည်း ကမ္ဘာပေါ်တွင် ယနေ့အချိန်အထိ မသွန်းလုပ်ရသေးဟု ထင်ပါသည်။

တွေးခေါ်ပညာရှင် ဘထရန်ရပ်ဆဲ(လ်) (Bertrand Russel) ကတော့ ပျော်ရွှင်ခြင်း ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုဖို့ သူ မတတ်နိုင်ပါ. . . ဟု ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သည်။

❊



www.burmeseclassic.com

www.burmeseclassic.com



ဘာထရန်ရပ်ဆဲလ်က လူတွေအကြောင်း စဉ်းစားနေချိန်တွင် ကျွန်တော်က တော့ ခွေးတွေအကြောင်း စဉ်းစားနေမိပါသည်။ (ကတ်သီးကတ်သတ် ပြောသည် ဟု မထင်စေလိုပါ)

"ခွေးများသည် အတိတ်ကလည်း ပျော်ရွှင်ခဲ့သည်။ ပစ္စုပ္ပန်မှာလည်း ပျော်ရွှင်နေခဲ့သည်။ နောင်လည်း ပျော်ရွှင်နေကြဦးမည်မှာ သေချာ၏။"

ကျွန်တော်က တစ်ဖန်ထပ်၍ ထိုအတွေးကို ပြောင်းပြန်လှည့်စဉ်းစားကြည့် မိပြန်သည်။

ခွေးများတွင် အတိတ်မရှိ၊ ပစ္စုပ္ပန်မရှိ၊ အနာဂတ်မရှိ။ ထို့ကြောင့် ခွေးများ သည် ခွေးဖြစ်ရခြင်းကို ဘယ်သောအခါမှ ဝမ်းမနည်းကြပါ။

(ကျွန်တော် တမင် ကန့်လန့်တိုက်၍ စဉ်းစားနေခြင်း မဟုတ်ကြောင်း အနိုင်အမာ ထပ်လောင်းသက်သေပြနိုင်ပါသည်။ 'ခွေးဖြစ်ရလေ ခြင်း' ဟု တွေးပြီး ဝမ်းနည်းသောကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသော ခွေးဟူ၍ သင်ကြား ဖူးပါသလား။)

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွင် . . . လူတို့ထဲတွင်တော့ သူတို့၏ လူဖြစ်ရခြင်းအပေါ် ဝမ်းနည်းနေကြသူတွေ **များစွာ**ရှိပါသည်။

**သူတို့တွင်** အတိတ်ရှိသည်။ ပစ္စုပ္ပန်ရှိသည်။ အနာဂတ်ရှိသည်။

အတိတ်တွင် ဖြစ်ခဲ့ရသော အကြောင်းများဖြင့် နောင်တ တဖန် ပူပန်ရသည်။ ပစ္စုပ္ပန်တွင် ကြုံတွေ့နေရသော ဒုက္ခများဖြင့် သောကရောက်ရသည်။ အနာဂတ်တွင် ဖြစ်လာဦးမည့်ကိစ္စများကြောင့် ပူပန်ကြောင့်ကြ စိုးရိမ်မကင်းဖြစ်ရသည်။

လူတို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို အမြဲနှိုင်းယှဉ်နေတတ်သော အသိဉာဏ်ရှိသူများ ဖြစ်ကြပါသည်။

❇



www.burmeseclassic.com

www.burmeseclassic.com



John Fowles က ပြောဖူးသည်။

"ရွှေခေတ်ဆိုတာ နှိုင်းယှဉ်ခြင်းမတိုင်ခင်က ခေတ်ကာလကို ခေါ်တာပဲ"

ကိုယ်မမွေးမီ ယခင်တုန်းက ကမ္ဘာလောကကြီးတစ်ခုလုံး ရွှေမိုးငွေမိုး ရွာနေခဲ့ပြီး ကိုယ့်အလှည့်ကျခါမှ ဒုက္ခပင်လယ်ဝေနေသလိုမျိုး အထင်ရောက်နေသူများအတွက် ပြောခဲ့ပုံရပါသည်။

အဲသည်လို နှိုင်းယှဉ်ကြည့်နေတတ်သော အမြင်မျိုးနှင့်ဆိုလျှင်တော့ ခွေးဖြစ်ရသည်လောက်မှ မကောင်းတော့ပါ။ အသိဉာဏ်ဆိုသည်မှာ ကိုယ်တွင်မရှိဘဲ တခြားသူ၊ တခြားအချိန်ကာလတွင် ရှိနေသောအရာများကို နှိုင်းယှဉ်ကြည့်ပြီး တပ်မက်ပူလောင်သောကရောက်ရခြင်းကို ဆိုလိုလိမ့်မည်ဟု ကျွန်တော်တော့ မထင်ပါ။

အဲသည်လို အသိဉာဏ်မျိုးတွင်လည်း စစ်မှန်သော ပျော်ရွှင်မှု မရနိုင်ပါ။ စစ်မှန်သော ပျော်ရွှင်မှုသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကင်းသော တစ်နေရာရာတွင်သာ ရှိနိုင်မည်ဟု ကျွန်တော်ကတော့ ယုံကြည်နေသည်။

***



www.burmeseclassic.com

www.burmeseclassic.com


▪ ၁၅ ▪

အသက်ကြီးရင့်ခြင်းသည် လေးလံသော ဝန်ထုပ်ဝန်ပိုး ဖြစ်သည်။

**Old age is a heavy burden.**

**(English Proverb)**

●


www.burmeseclassic.com

www.burmeseclassic.com



သင်ကော အသက်ဘယ်လောက်ရှိပြီနည်းဟု ကျွန်တော် မေးချင်ပါသည်။ သင့်အသက်ကို ကြီးပြီဟုလည်းကောင်း၊ မကြီးသေးဟုလည်းကောင်း မည်သည့်နေရာ အမှတ်အသားတွင် ပိုင်းခြားဆုံးဖြတ်ပါသနည်း။

ကျွန်တော့်အမြင်ကို ပြောရလျှင်တော့ အသက်ကြီးခြင်း၊ ငယ်ခြင်းသည် ထိပ်ပြောင်ခြင်း၊ မပြောင်ခြင်းကဲ့သို့ပင် ဆုံးဖြတ်ရန်လွယ်သော်လည်း တိတိကျကျ ပြောရန် ခက်ခဲသောအရာတစ်ခုဖြစ်ပါသည်။

လူတစ်ယောက်တွင် ပျမ်းမျှအားဖြင့် ဆံပင်အချောင်းရေပေါင်း နှစ်သိန်းခွဲ ရှိသည်ဟု ဆိုကြ၏။ ဆံပင်တစ်ချောင်းမှ မရှိတော့လျှင်လည်း ရှင်းသည်။ ထိုသူသည် ကတုံးဖြစ်၏။ ထိပ်ပြောင်မဟုတ်ပေ။

ထိုသို့ဆိုလျှင် ဆံပင်အရေအတွက် မည်မျှရှိသူကို ထိပ်ပြောင်ဟု သတ်မှတ်ရမည်နည်း။ ဆိုကြပါစို့. . .

တစ်သိန်းငါးသောင်းဟု သတ်မှတ်မည်လား။ ထိုသို့ဆိုလျှင် ဆံပင်တစ်သိန်းငါးသောင်းနှင့် တစ်ပင် (၁၅၀,၀၀၀+၁) ရှိလျှင်ကော? ထိပ်ပြောင် ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သလား၊ မဟုတ်ဘူးလား? တစ်သိန်းငါးသောင်းနှင့် နှစ်ပင်ဆိုလျှင်ကော?

ကျွန်တော်တို့သည် မြင်လိုက်ရသောအမြင်ပေါ် မူတည်ပြီး ခံစားချက်ဖြင့် ဆုံးဖြတ်နေကြခြင်းဖြစ်ပါသည်။

အသက်ကြီးသည် ဆိုသည်မှာလည်း ထိုအတိုင်းပင်ဖြစ်၏။ ခံစားချက်မှ လွဲ၍ တိတိကျကျပြောရန် ခက်လှပါသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ အသက်ကြီးရမည်ကို မစိုးရိမ်ပါ။ အိုမင်းရမည်ကိုသာ စိုးရိမ်ခြင်းဖြစ်ပါသည်။ (သင်လည်း ထို့အတူပင် ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။)

လူတိုင်းက အသက်ရှည်ချင်ကြပါသည်။ သို့ရာတွင် မည်သူမျှ မအိုမင်းချင်ကြပါ။

❋



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုလျှင် 'အသက်ရှည်နေခြင်းသည်လည်း ဝန်ထုပ်ဝန်ပိုး တစ်ခုပဲ မဟုတ်လား. . .' ဟုလည်း ကျွန်တော် မေးချင်ပါသည်။ ဘာကြောင့် ဆေးဝါး တုသမှုတွေ ခံနေကြဦးမည်နည်း။ ဘာကြောင့် ကျန်းမာရေးလိုက်စားနေကြဦးမည်နည်း။ ဘာကြောင့် စိန်နှင့် သံပရာသီးရောပြီး အပျင်းပြေသောက်ကြည့်ချင်စိတ် မပေါ်ရသနည်း။

ဘကယ်တော့ အသက်ရှင်ရခြင်းသည်လည်းကောင်း၊ အသက်ရှည်ခြင်း သည်လည်းကောင်း၊ အိုမင်းခြင်းသည်လည်းကောင်း ဝန်ထုပ်ဝန်ပိုးမဟုတ်ပါ။

ထိုကိစ္စသည် သင်ဖြတ်သန်းမှုအပေါ် သင့်စိတ်က မည်ကဲ့သို့ ရောင်ပြန် ဟပ်သနည်းဆိုသည့်အပေါ်တွင်သာ မူတည်ပါသည်။

ဆံပင်တွေအကြောင်း ပြန်ပြောကြပါဦးစို့။

အသက်အရွယ်ကြီးရင့်လာသူများတွင် ဘာကြောင့် ဆံပင်တွေ ဖြူလာရ သနည်း. . . ဟု ကျွန်တော် စဉ်းစားကြည့်ဖူးပါသည်။

သိပ္ပံပညာက အဖြူရောင်သည် သူ့အပေါ်ကျရောက်သော နေ့ခ်ထွေးသည့်



www.burmeseclassic.com

www.burmeseclassic.com



အလင်းတန်းများကို လုံးဝပြည့်စုံသည့်တူညီမှုဖြင့် အလင်းပြန်စေသည်ဟု ဆို၏။

(အနက်ရောင်ကိုဖြစ်စေသော မင်လနင် (Melanin) သည် ပရိုတိန်းမှ ဖြစ်ပေါ်လာသည့် tyrosin ဟုခေါ်သော အမိုင်နိုအက်ဆစ်တစ် မျိုးပေါ်သို့ tyrosinase အင်ဇိုင်းက ဓာတ်ပြုသက်ရောက်ရာမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး အသက်ကြီးသူများ၏ ဆံပင်ခြေရင်းတွင် ရောင်ခြယ်ဆဲလ် (Pigment) များ မရှိတော့ခြင်းကြောင့် ဆံပင်ဖြူရပါသည်. . . ဟု ပညာရှင်များက အဖြေထုတ်ပြသော်လည်း ထိုကိစ္စသည် လွန်စွာရှုပ်ထွေးသော သိပ္ပံဝေါဟာရများ ဖြစ်သောကြောင့် ကျွန်တော် မြန်မြန်ဆန်ဆန်ပင် မေ့လျော့ပစ်လိုက်ပါသည်။)

ကျွန်တော် စိတ်ဝင်စားသောကိစ္စမှာ 'အလင်းပြန်ခြင်း' ဖြစ်၏။

❇



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ကြာပွင့်များကို သင် တွေ့ဖူးပါသလား။ ထိုကြာပွင့်များတွင် ကြည်လင်သောလေအိတ်ကလေးများရှိ၏။ ပွင့်ချပ်များပေါ်သို့ ရှပ်ထွေးသည့် အလင်းတန်းများ ကျရောက်လာသောအခါ ထိုလေအိတ်ကလေးများက မှန်သား ပြင်ကဲ့သို့ အလင်းတန်းများကို ပြည့်ဝတူညီစွာ အလင်းရောင်ပြန်ဟပ်ပေး လိုက်ခြင်းအားဖြင့် အဖြူရောင်ကို ကျွန်တော်တို့ မြင်ရခြင်းဖြစ်ပါသည်။

✻

အသက်အရွယ်ကြီးရင့်သူများသည် ကြာပန်းများဖြစ်ချိန်တန်ပြီ ဟူသော အထိမ်းအမှတ်ဖြင့် ဆံပင်တွေဖြူလာကြခြင်းပေလားဟု ကျွန်တော် တွေးမိပါသည်။ သူတို့အပေါ် ရိုက်ခတ်လာသမျှ လောက၏ ရှုပ်ထွေးသောအလင်းတန်း များကို ညီညာပြန့်ပြူးကြည်လင်စွာ အလင်းပြန်ပေးခြင်းဖြင့် အေးချမ်းသန့်စင်မှုကို

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ပေလိမ့်မည်။

ဤသည်မှာ ကျွန်တော်၏ ထင်မြင်ချက် သက်သက်သာဖြစ်ပါ သည်။

***



www.burmeseclassic.com

www.burmeseclassic.com


။ ၁၆ ။

စကားပြောခြင်းသည် ငွေဖြစ်ပြီး တိတ်ဆိတ်ခြင်းသည် ရွှေဖြစ်သည်။

**Speech is silver, silence is golden.**

**(English Proverb)**

●


www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ဆိုင်ရာ ဆေးပညာ (Enviromental Medicine) က လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ "ကာဗွန်ဒိုင်အောက်ဆိုက်ဒ်နှင့် ကာဗွန်မိုနော ဆိုက်ဒ် ပါဝင်သောလေသည် အဆိုးဝါးဆုံးလေဖြစ်သည်" ဟု ဆို၏။

ကျွန်တော်၏ အိမ်နီးချင်းသည် ညစဉ်ညတိုင်း နှဲမှုတ်လေ့ကျင့်ပါသည်။ (သူ့ကြောင့် ကျွန်တော့်အယူအဆများ ပြောင်းလဲသွားရ၏။)

ကျွန်တော့်အထင်ကို ပြောရမည်ဆိုလျှင် "အဆိုးရွားဆုံးသောလေ" သည် "နှဲအပေါက်ဝမှ ထွက်လာသောလေ" ဖြစ်နိုင်ပါသည်။

(၁၉၅၉ ခုနှစ်တွင် အမေရိကန်လူမျိုး ၁၀ဦးသည် နားငြီးသောကြောင့် သေဆုံးသွားရသည်. . . ဟု မှတ်တမ်းရှိပါသည်)

လူတိုင်း၏ပါးစပ်မှ ဖန်တီးသောအသံများကို လူတွေကိုယ်တိုင် ပြန်မကြား နိုင်ဘူးဆိုလျှင် ဤကမ္ဘာပေါ်တွင် ဖြစ်ပေါ်သော ပြဿနာများ၏ ဆယ်ပုံပုံ ကိုးပုံ ခန့် ပြေလည်သွားလိမ့်မည်ထင်ပါသည်။

သို့ရာတွင် လူတွေအားလုံး စကားမပြောကြပဲနေလျှင်ကော ဘာတွေ ဖြစ်ကုန်ကြမည်နည်း။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောကကြီး၏ တိုးတက်မှုများထဲတွင် ဘာသာစကားသည် အခြေခံအကျဆုံးသော အကြောင်းတရားဖြစ်ပါသည်။ ဘာသာစကား မရှိလျှင် လူတစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ခြင်းမပြုလုပ်နိုင်။ လူသားထုတစ်ရပ်လုံး၏ လည်ပတ်မှုများ တိုးတက်မှုများအားလုံးသည် သုညအောက် အနှုတ်ဒီဂရီသို့ ထိုးဆင်းသွားလိမ့်မည်ဖြစ်ပါသည်။

တစ်ဖက်မှ ပြန်ကြည့်လျှင်မူ လူတို့၏ ပါးစပ်မှထွက်လာသော မုသာဝါဒများ၊ ကောလာဟလများနှင့် အတင်းအဖျင်းကဲ့ရဲ့ပြစ်တင်စကားများသည်ပင်လျှင် လောကကြီးကို ဖျက်ဆီးနေသည်မဟုတ်ပါလားဟု မေးခွန်းထုတ်ရမည်ဖြစ်ပါသည်။

ကောလာဟလသည် အလျှင်မြန်ဆုံး သွားလာတတ်သော ခရီးသည်ကြီးတစ်ဦးဖြစ်၏။

သည်လိုဆိုလျှင် . . . စကားပြောခြင်းသည် ကောင်းသလား၊ စကားမပြောဘဲနေခြင်းသည် ကောင်းသလား. . . ဟူသည့်မေးခွန်း ပေါ်ထွက်လာပါသည်။

ကျွန်တော့်အယူအဆမှာ. . .

"နှလုံးသားကတွေးလိုက်သောအတွေးကြောင့် လျှာက ပြောလိုက်ခြင်း" ကို လက်ခံပါသည်။

"လျှာက ပြောဖို့အတွက် နှလုံးသားက တွေးပေးနေရခြင်း" ကိုမူ လက်မခံပါ။

ကျွန်တော်တို့သည် လူများဖြစ်ကြခြင်းကြောင့် စကားကတော့ ပြောနေရမည်သာဖြစ်၏။ စကားပြောဖို့အတွက် လူဖြစ်ရခြင်းတော့ မဟုတ်ပေ။

ကျွန်တော် စကားပြောဖို့အတွက် စဉ်းစားရန် အချိန်တစ်ခုယူပါသည်။ ထိုအချိန်၏ သုံးပုံတစ်ပုံသည်. . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာပြောမလဲ"

ဟု စဉ်းစားရန်ဖြစ်ပြီး၊ ကျန်သုံးပုံနှစ်ပုံမှာ. . .

"သူက ငါ့ကို ဘာပြန်ပြောလာမလဲ"

ဟု စဉ်းစားရန်ဖြစ်၏။

⁘



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုသည်မှာ ဆက်သွယ်ချက်တစ်ခုဖြစ်သည်" ဟု ကျွန်တော် တစ်ခါက ရေးခဲ့ဖူး၏။

သင့်ကို ဆက်သွယ်၍ရလျှင် သင်သည် ဤကမ္ဘာလောကကြီးထဲတွင် တည်ရှိရှင်သန်နေမည်။ သင့်ကို ဆက်သွယ်၍မရတော့ဘူးဆိုလျှင် ဤလောက (လူ့အဖွဲ့အစည်း) ထဲတွင် သင် ရှိမနေတော့ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

တိတ်တိတ်နေခြင်းသည် . . . ကြီးမြတ်ပါပေ၏။ အပြစ်ကင်းစင်ပါမှပေ၏။ သို့သော် တိတ်တိတ်နေသူသည် လူ့အဖွဲ့အစည်းထဲတွင် ပါဝင်နေနိုင်ခွင့် မရှိတော့ပေ။

❋



www.burmeseclassic.com

www.burmeseclassic.com



စကားပြောခြင်းသည် ငွေဖြစ်ပြီး၊ တိတ်ဆိတ်ခြင်းသည် ရွှေဖြစ်သည်. . . ဟု ဆိုသည်။ ကျွန်တော်ကတော့

စကားပြောခြင်းသည် လူသားဆန်ပြီး တိတ်ဆိတ်ခြင်းသည် ဘုရားသခင်ဆန်သည်ဟု ပြောချင်ပါသည်။

***



www.burmeseclassic.com

www.burmeseclassic.com


။ ၁၇ ။

ဝံပုလွေသည် ကြောက်စရာကောင်းသည်ထက် ပို၍ ကြောက်စရာကောင်းသည်ဟု ပြောကြသည်။

**The wolf is said to be more terrible than he is.**

**(Italian Proverb)**

●


www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် အီတလီစကားပုံတစ်ခုဖြစ်ပြီး ကျွန်တော်ငယ်စဉ် ကတည်းက ကြိမ်ဖန်များစွာ ရွတ်ဆိုရလွန်းသောကြောင့် အလွတ်ရနေသည့် အဆိုအမိန့်တစ်ခုလည်း ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ်တုန်းက ကြောက်စရာဟု (ကိုယ့်ဖာသာကိုယ် ထင်မြင်ယူဆထားသော) တစ်စုံတစ်ရာနှင့် ကြုံတွေ့ရတိုင်း ထိုစကားပုံ ကလေးကို သတိရတတ်အောင် အမေက သင်ပေးခဲ့၏။

အဓိပ္ပာယ်မှာ ကြောက်စရာကောင်းခြင်းသည် အမှန်တကယ် ရှိသည့်ပမာဏထက် မိမိစိတ်က ပိုမိုချဲ့ထွင်ပုံကြီးချဲ့ပြီး အလွန်အကျွံ ကြောက်ရွံ့ပစ်လိုက်ခြင်းသာဖြစ်သည်. . . ဟု ဆိုလိုပါသည်။

သင်တို့၏အတွေ့အကြုံ မည်သို့ရှိမည်ကိုမူ ကျွန်တော် မပြောတတ်ပါ။ ကျွန်တော့်ဘဝတစ်လျှောက်လုံး ဖြတ်သန်းခဲ့ရသမျှ အန္တရာယ်တို့သည် မကြုံတွေ့ခင် တွေး၍ တစိမ့်စိမ့် ကြောက်လန့်နေရသောပမာဏက ထုထည်ကြီးမားလှပြီး တကယ်တမ်း နဖူးတွေ့ဒူးတွေ့ ကြုံလိုက်ရသောအခါ အစက တွေးထင်ထား



www.burmeseclassic.com

www.burmeseclassic.com



သလောက် ကြောက်စရာမကောင်းလှတော့ကြောင်း တွေ့ရ၏။

အကြောက်တရားသည် အသွင်သဏ္ဌာန်တို့ကို နဂိုမူလအတိုင်း မဟုတ်ဘဲ (ပုံကြီးချဲ့၍ဖြစ်စေ၊ ပုံသေးချုံ့၍ဖြစ်စေ) အမြင်ပြောင်းလဲစေနိုင်စွမ်းသော စိတ်မှန် ဘီလူးတစ်မျိုးဖြစ်ပုံရပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ရှုပဗေဒပါမောက္ခတစ်ယောက်ကို ကျွန်တော် မေးကြည့်ခဲ့ဖူး၏။

"ဆရာ. . . လောကမှာ အထူးဆန်းဆုံး 'မှန်' ဟာ ဘယ်လိုမှန်အမျိုးအစားလဲ ဆရာ"

သူက. . .

"မော်တော်ကားရှေ့မှာတပ်တဲ့ လေကာမှန်ပေါ့"

ဟု ဖြေပါသည်။

"ဘာဖြစ်လို့လဲ ဆရာ"

"မော်တော်ကားမောင်းတဲ့သူဟာ အဲဒီမှန်ကိုဖြတ်ပြီး ကြည့်လိုက်တဲ့အခါ လမ်းလျှောက်နေတဲ့သူတွေကို လူလို့မမြင်တော့ဘူး၊ တခြားမော်တော်ကားတွေကိုတော့ သူ့လို သက်ရှိသတ္တဝါတွေလို့မြင်လာတယ်၊ အဲ. . ယာဉ်ထိန်းရဲတွေကိုကျတော့ နတ်ဘုရားတွေလို့ မြင်လာရော"

ကျွန်တော်တို့သည်လည်း ကျွန်တော်တို့၏ မျက်စိရှေ့တွင် ထူးဆန်းသော လေကာမှန်တစ်မျိုးတပ်၍ ကိုယ့်ကိုယ်ကိုယ် မောင်းနှင်နေကြသော လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်ရှုမြင်အကဲဖြတ်တတ်၏။

ထိုမှန်ချပ်သည် အကြောက်တရားဖြစ်ပါသည်။

အကြောက်တရား တပ်ဆင်ထားသောမျက်စိဖြင့် ကြည့်သောအခါ တစ်ခါတစ်ရံတွင် ဘာမှမဟုတ်လောက်သော ကိစ္စလေးများသည် အလွန်အမင်းကြောက်မက်ဖွယ်ကောင်းသော ဘီလူးကြီးများ ဖြစ်လာကြ၏။ (တစ်ခါတစ်ရံတွင်) အမှန်တကယ် အန္တရာယ်ကြီးမားသောကိစ္စများသည် အသေးအဖွဲ ဖြစ်သွားတတ်ပါသည်။

လူသည် အမှန်တရားကို ရှာဖွေချဉ်းကပ်နေသည်ဟု မည်သူပြောနိုင်ပါသေးသနည်း။

❊



www.burmeseclassic.com

www.burmeseclassic.com


ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့ပေါ်သို့ အနုမြူဗုံးချလိုက်သောအခါ တစ်ကမ္ဘာလုံး တုန်လှုပ်သွားကြ၏။ လူသားမျိုးပြုတ်မည့်အန္တရာယ်ကို စိုးရိမ်ကြောက်လန့်လာကြ၏။ ကမ္ဘာမြေပေါ်ရှိ လူတစ်ဦးတစ်ယောက်တိုင်းအတွက် မလွဲမရှောင်သာ ခြိမ်းခြောက်နေသည့် အကြီးဆုံးအန္တရာယ်အဖြစ် အနုမြူလက်နက် ဖျက်သိမ်းပစ်ဖို့ တစ်ကမ္ဘာလုံးက ကြောက်လန့်တကြား တောင်းဆိုလာကြ၏။

သို့သော်. . .

၁၉၇၀ ခုနှစ်တွင် English Digest မဂ္ဂဇင်းက

"သင် ဘာကိုစိုးရိမ်ကြောက်လန့်နေပါသနည်း"

ဟူသည့် ခေါင်းစဉ်ဖြင့် စစ်တမ်းကောက်ယူလိုက်သောအခါ

ပိုက်ဆံကြောင့်. . . ဟု ဖြေဆိုသူက ၆၀. ၄ ရာခိုင်နှုန်း

အလုပ်အကိုင်ကြောင့်. . . ဟု ဖြေဆိုသူက ၂၀. ၅ ရာခိုင်နှုန်း

ကျန်းမာရေးကြောင့်. . . ဟု ဖြေဆိုသူက ၁၅. ၈၈ ရာခိုင်နှုန်း

သားရေးသမီးရေးကြောင့်. . . ဟု ဖြေဆိုသူက ၃. ၂ ရာခိုင်နှုန်း ရှိပြီး. . .

တကယ်တမ်း အနုမြူဗုံး၏ အန္တရာယ်ကို ကြောက်ရွံ့စိုးရိမ်သူ၏ ရာခိုင်


www.burmeseclassic.com

www.burmeseclassic.com



နှုန်းမှာ ၀.၀၂ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရပါသည်။

လူဆိုသည်မှာ အလွန်အံ့ဩဖွယ်ကောင်းလောက်အောင် အူကြောင်ကြောင်နိုင်သော သတ္တဝါတစ်ကောင်ဖြစ်သည်. . . ဟု ကျွန်တော်ပြောလျှင် သင်သဘောတူနိုင်လိမ့်မည်ထင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com


။ ၁၈ ။

ကမ္ဘာကြီးကို လည်ပတ်အောင်လုပ်ပေးနေသောအရာမှာ အချစ်ဖြစ်သည်။

**It is the LOVE which retates the earth.**

**(James Hadley Chase)**

●


www.burmeseclassic.com

www.burmeseclassic.com



ဂျိမ်း(စ်)ဟဒ်လေချေ့(စ်) ၏ အပစ်အခတ်များများ၊ စွန့်စားခန်းများများ၊ အညီအဟောက် နည်းနည်းပါသော စုံထောက်ဝတ္ထုတစ်အုပ်ထဲမှ စာသားဖြစ်ပါသည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်ကမူ ထိုစာသားကို ဖတ်ပြီး ခေါင်းခါပါသည်။ သူက. . .

"ကမ္ဘာကြီးကို လည်ပတ်အောင် လုပ်ပေးနေတဲ့အရာဟာ ပိုက်ဆံကော မဖြစ်နိုင်ဘူးလား"

ဟု မေးသည်။ ကျွန်တော်က လွယ်လင့်တကူပင် သဘောတူပစ်လိုက်ပါသည်။

"ဖြစ်နိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ ပိုက်ဆံဆိုတာဟာလည်း သိပ်ချစ်ဖို့ကောင်းတဲ့အရာမဟုတ်လား"

*



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က လောကထဲရှိ လူသားအားလုံးကို နှစ်ပိုင်းခွဲခြားထားပါသည်။

(၁) အလုပ်လုပ်သောလူများ. . . နှင့်

(၂) ဆုရသောလူများ. . . ဟူ၍ ဖြစ်၏။

လုပ်ရည်ကိုင်ရည်ကောင်းတိုင်း၊ အလုပ်လုပ်နိုင်စွမ်းရှိတိုင်း ထိုအရည်အချင်းအတွက် ထိုက်သင့်သော ချီးမြှင့်မှု (ဆု) ရလိမ့်မည်ဟု မည်သူအာမခံရဲပါသနည်း။

တစ်သက်တာပတ်လုံး မည်သည့်ချီးမြှင့်မှုမှ ခံစားခွင့်မရဘဲ ကုန်းရုန်း၍ အလုပ်လုပ်သွားခဲ့ရသော ပုဂ္ဂိုလ်များ (လောကတွင် အများအပြား) ရှိသည်။

ထို့နည်းတူ. . .

ဘာအားထုတ်မှုမှမရှိဘဲ ဘာစွမ်းရည်မှ မရှိဘဲ လောကကြီး၏ အကျိုးခံစားခွင့်ကို ဆုအဖြစ်ရနေသူတွေလည်း များစွာရှိပါသည်။

သည်လိုပါပဲ။

အင်း. . . နောက်ပြီးတော့. . .

သည်လိုပဲ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



သင် မကျေနပ်လျှင်လည်း ဘာမှမတတ်နိုင်ပါ။

အလုပ်လုပ်သူသည် အလုပ်လုပ်နေရမည်ဖြစ်ပြီး ဆုရသူသည် ဆုရလိမ့်မည် ဖြစ်ပါသည်။ လောကကြီးက သည်လိုပင် လည်ပတ်နေပါသည်။ သင့်အနေဖြင့် မကျေနပ်လျှင်လည်း ပြုံးပြီးကြည့်နေလိုက်ပါ. . ဟု အကြံပေးရုံမှတစ်ပါး ကျွန်တော် ဘာမှမတတ်နိုင်ပါ။

*



www.burmeseclassic.com

www.burmeseclassic.com



ကတ်သီးကတ်သတ် ဥပမာတစ်ခု ပေးကြည့်ချင်ပါသည်။ အလှနတ်သမီးဟု တင်စားကြသော ဗီးနပ် (အက်ဖရိုဒိုက်) ရုပ်တုကို သင်မြင်ဖူးလိမ့်မည်ထင်၏။

လက်နှစ်ဖက်ပြတ်နေပြီး ခါးဝတ်လျှော့လျည်းလျည်းဖြစ်နေသည့် ထိုပန်းပုရုပ်သည် ကမ္ဘာကျော်အလှနတ်သမီး Aphrodite ၏ ရုပ်ထုဟု ဆိုကြသည်။ အလှနှင့်ပတ်သက်၍ ကြိမ်ဖန်များစွာ ရည်ညွှန်းကြသည်။ မိန်းမသားတို့၏ ပုံရိပ်အဖြစ် ကိုးကားစာဖွဲ့ကြသည်။

ထိုဗီးနပ်(စ်) ရုပ်ထု၏ ခန္ဓာကိုယ်အတိုင်းအထွာမှာ အရပ် ၅ပေ ၃လက်မရှိပြီး. . .

ရင်. . . ၃၇ လက်မ

ခါး. . . ၂၆ လက်မနှင့်

တင်. . . ၃၈ လက်မ ရှိပါသည်။

သည်လိုဆိုပါလျှင်. . . ခါးတုတ်ပြီး ပုကွကွဖြစ်နေသောမိန်းမကြီး ဖြစ်မနေဘူးလားဟု ကျွန်တော် မေးကြည့်ချင်စိတ်ပေါ်လာ၏။

နောက်တစ်ယောက်အကြောင်းကို ကျွန်တော် ပြောပြပါဦးမည်။ ဒီတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုတော့ သင်ကြားပင် ကြားဖူးလိမ့်မည်မဟုတ်ပါ။ (သူမသည် ကျွန်တော်၏ ငယ်သူငယ်ချင်းကောင်မလေးတစ်ယောက်ဖြစ်ပြီး ယခု လက်ဖက်ရည်ဆိုင်ဖွင့်နေသည်။)

သူမ၏ခန္ဓာကိုယ်အချိုးအစားမှာ. . .

အရပ်. . . ၅ပေ ၈လက်မ ရှိပြီး

ရင်. . . ၃၄ လက်မ

ခါး . . . ၂၂ $\frac{၁}{၂}$ လက်မ

တင်. . . ၃၇ လက်မ ရှိပါသည်။

အရပ်မြင့်မြင့်သွယ်သွယ်နှင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သော ကောင်မလေးတစ်ယောက်ဖြစ်သည့်အကြောင်း သင် စိတ်ကူးထဲတွင် မြင်ယောင်လာ လိမ့်မည် ထင်ပါသည်။

ကိန်းဂဏန်းအချိုးအစားများအရဆိုလျှင် သူမသည် ဗီးနပ်(စ်) နတ်သမီးထက် ပိုလှကြောင်း သိသာ၏။

သို့ရာတွင်. . .

တစ်ကမ္ဘာလုံးက အလှနတ်သမီးဆိုလျှင် 'ဗီးနပ်(စ်)' (VENUS DE MILO) ကိုသာ ရည်ညွှန်းပြီး 'လက်ဖက်ရည်ဆိုင်က မိန်းမ' ဟု မည်သူကမှ မကိုးကားကြပါ။

(သင် မကျေနပ်လျှင် ပြုံးစေ့စေ့သာလုပ်နေလိုက်ပါ။ ပြဿနာ မရှာပါနှင့်)

※

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတွင် တစ်ဖက်စောင်းနင်း မညီမျှမှုများ ထာဝရရှိနေသည်. . . ဟု ဆိုပါလျှင်. . . ထို မညီမျှမှုများသည်ပင် လောကကြီးကို လည်ပတ်အောင် လုပ်ပေးနေသောအရာများဖြစ်သည်ဟု ကျွန်တော် ပြောချင်ပါသည်။

***



www.burmeseclassic.com

www.burmeseclassic.com



■ ၁၉ ■

လမ်းသည် မည်မျှပင် ကျဉ်းမြောင်းသည်ဆိုစေကာမူ လူတွေအားလုံးသည် ဦးတည်ရာတစ်ဖက်တည်းသို့ သွားနေကြမည်ဆိုလျှင် လမ်းပိတ်ဆို့စရာအကြောင်းမရှိပေ။

**However narrow the path is, there will be never any traffic congestion for all go on one-way traffic.**

●



www.burmeseclassic.com

www.burmeseclassic.com



သည်စကားကို ပြောခဲ့သူမှာ 'ညီညွတ်မှု' ဟူသော သဘောတရားကို ယုံကြည်သူတစ်ယောက် ဖြစ်ပေလိမ့်မည်။

ကျွန်တော်က 'ညီညွတ်မှု' ကို မယုံကြည်ပါ။ (ကျွန်တော်က ပရမ်းပတာ သမားတစ်ယောက်သာ ဖြစ်ပါသည်။)

လူတွေအားလုံးကို အရပ်မျက်နှာ တစ်ဖက်တည်းဆီသို့ ဦးလှည့်နိုင်း၍ ရနိုင်ပါမည်လား။ ကျွန်တော်တို့၏ 'လက်ျာဖက်' များသည် ကြေးမုံမှန်သားပြင် ပေါ်ရှိ အရိပ်များ၏ 'လက်ဝဲဖက်' ဖြစ်ကြ၏။

လက်ျာဖက်ဆိုတာ ဘာလဲ?

လက်ဝဲဖက်ဆိုတာ ဘာလဲ?

Michio Kaku နှင့် Jennifer Thompson တို့ ရေးသားသော အိုင်းစတိုင်းအလွန် (Beyond Einstein) ဟု အမည်ပေးထားသည့် စကြဝဠာဆိုင်ရာ သိပ္ပံရှာဖွေစူးစမ်းမှုများစာအုပ်တွင် ပါရှိသော ကြေးမုံစကြဝဠာ (Mirror Universes) အကြောင်း ပြောပြခွင့်ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ လောကနှင့် သွင်ပြင်ဘေးတိုက် ပြောင်းပြန် (ကြေးမုံမှန်တွင် မြင်ရသကဲ့သို့) ရုပ်ဒြပ်ရှိသော စကြဝဠာရှိကောင်းရှိမည်ဟု ရူပဗေဒပညာရှင်များက ယူဆကြ၏။

သူတို့ တင်ပြထားပုံက စိတ်ဝင်စားစရာကောင်းသည်။

✻



www.burmeseclassic.com

www.burmeseclassic.com



တခြားဂြိုဟ်တစ်ခုပေါ်တွင်ရှိသော ဂြိုဟ်သားများနှင့် ကျွန်တော်တို့ ကြိုးမဲ့တယ်လီဖုန်းဖြင့် စကားပြောခွင့်ရသည်ဆိုပါစို့။ (တစ်ယောက်ကိုတစ်ယောက် မမြင်ရ။ သို့သော်. . . သူတို့ပြောသော ဘာသာစကားကို ကျွန်တော်တို့ နားလည်ပြီး ပြန်ပြောနိုင်သည်ဟု စိတ်ကူးယဉ်ကြည့်ကြပါမည်)

ကျွန်တော်တို့က မေးလိုက်သည်။

"မင်းတို့ ပုံပန်းသဏ္ဌာန် ဘယ်လိုရှိသလဲ၊ ငါတို့မှာတော့ ဦးခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်ရှိတယ်"

ဂြိုဟ်သားတို့က ပြန်ဖြေသည်။

"ငါတို့ကျတော့ ဦးမျှင်လက်နှစ်ချောင်းနဲ့ ဦးခေါင်းနှစ်လုံးရှိတယ်"

သည်လိုနှင့် အတော်များများပြောဆိုပြီး နားလည်နေကြသည်။ သို့သော်. . . လက်ဝဲဖက်၊ လက်ျာဖက် ဟူသော အသုံးအနှုန်းပါလာသောအခါတွင်တော့ ဂြိုဟ်သားများ နားမလည်ကြတော့ချေ။ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ခန္ဓာကိုယ်မှာ နှလုံး (heart) ဟာ ခန္ဓာကိုယ်ရဲ့ လက်ဝဲဖက်မှာ ရှိတယ်၊ လက်ျာဖက်မှာ မရှိဘူး"

ဂြိုဟ်သားများက. . .

"ဘာပြောတာလဲ၊ နှလုံး (heart) ဆိုတာကိုတော့ နားလည်ပါတယ်၊ ငါတို့ ခန္ဓာကိုယ်မှာဆိုရင် နှလုံးက သုံးခုတောင်ရှိတယ်၊ ဒါပေမယ့် 'လက်ျာဖက်' ဆိုတာ ဘာလဲ"

"ညာဖက်လက်ရှိတဲ့အခြမ်းကို လက်ျာဖက်လို့ ခေါ်တာပေါ့"

"လက်ဆိုတဲ့သဘောကို နားလည်ပါတယ်၊ ဒါပေမယ့် ညာဖက် လက်ဆိုတာ ဘာလဲ"

"ခန္ဓာကိုယ်ကို နာရီလက်တံလည်တဲ့အတိုင်း လှည့်လိုက်၊ ရွေ့သွားတဲ့ဖက် ဟာ ညာဖက်ပဲ. . .၊ လက်ျာဖက်ပဲ"

ဂြိုဟ်သားများက မရှင်းပါ။ ထပ်မေးပြန်သည်။

"လှည့်တယ်ဆိုတဲ့သဘောကို နားလည်ပါတယ်၊ ဒါပေမယ့် 'နာရီ လက်တံ လည်တဲ့အတိုင်း' ဆိုတာ ဘာလဲ"

ကျွန်တော်တို့က စိတ်မရှည်တော့ပေ။

"မင်းတို့ 'အပေါ်တက်' တယ်၊ 'အောက်ဆင်း'တယ်ဆိုတဲ့ သဘောကိုတော့ နားလည်လား"

"နားလည်တယ်၊ ငါတို့ဂြိုဟ်ရဲ့ ဗဟိုချက်ကနေ ဝေးရာဆီကို ခွာသွားတာ ဟာ အပေါ်တက်တာပဲ၊ ငါတို့ဂြိုဟ်ရဲ့ ဗဟိုချက်ဆီကို တိုးကပ်လာတာဟာ အောက် ဆင်းတာပဲ"

"ဒါဆိုရင်. . . နာရီတစ်လုံးရဲ့လက်တံကို အပေါ်ကို ညွှန်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခါ နာရီလက်တံဟာ လည်သွားလိမ့်မယ်၊ သူလည်တဲ့ဖက်က လက်ျာဖက်ပဲ"

"အပေါ်ကို ညွှန်တယ်ဆိုတာလည်း သိတယ်၊ နာရီ ဆိုတဲ့အရာကိုလည်း သိတယ်၊ ဒါပေမယ့် ခင်ဗျားတို့ပြောနေတဲ့ လက်ျာဖက်ဆိုတာကို ခုထိ နားမလည်သေးဘူး"

ကျွန်တော်တို့ စိတ်ပျက်သွားကြသည်။ နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားကြည့်ရန် ဆုံးဖြတ်လိုက်ပြီး. . .

"ဒီလိုလုပ်ဗျာ၊ ခင်ဗျားတို့ဂြိုဟ်ရဲ့ မြောက်ဝန်ရိုးစွန်းထိပ်တည့်တည့်မှာ ရပ်ပြီး မတ်တပ်ရပ်နေကြည့်လိုက်၊ ခင်ဗျားတို့ရဲ့ ခြေထောက်အောက်က ဂြိုဟ်ဟာ နာရီလက်တံအတိုင်း လည်ပတ်သွားလိမ့်မယ်၊ အဲဒီလည်ပတ်ရာ ဦးတည်ရာဟာ လက်ျာဖက်ပဲ"

ဂြိုဟ်သားများက ပြန်ဖြေသည်။

"ဝန်ရိုးစွန်းဆိုတဲ့သဘောကို သိပါတယ်၊ ဒါပေမယ့် တောင်ဝန်ရိုးစွန်းနဲ့ မြောက်ဝန်ရိုးစွန်းဆိုတာကို ခင်ဗျားတို့ ဘယ်လိုခွဲခြားပြီးပြောမှာလဲ"

ကျွန်တော်တို့ လက်လျှော့လိုက်ရတော့သည်။

✻



www.burmeseclassic.com

www.burmeseclassic.com



ထို ဇာတ်လမ်းလေး၏ ရည်ရွယ်ချက်မှာ တစ်ခါက ရူပဗေဒပညာရှင်မျာ
တွေးခဲ့ကြဖူးသော "စကားပြောဆက်သွယ်ချက်သက်သက်ဖြင့် လက်ျာဖက်၊ လက်
ဖက် ခွဲခြားပြောဆိုဖို့ရန် မဖြစ်နိုင်" ဟူသည့် ကိစ္စပင် ဖြစ်သည်။

သို့ရာတွင် အံ့ဩဖွယ်ရာကောင်းသည့်အချက်မှာ ထိုရူပဗေဒအမြင်သည်
၁၉၅၆ ခုနှစ်တွင် ပြိုလဲကျဆုံးသွားခြင်းပင်ဖြစ်၏။ ပရင်စတန်တက္ကသိုလ်မှ ယန်
(Yang) နှင့် လီ (Lee) ဟု ခေါ်သော ရူပဗေဒပညာရှင်နှစ်ယောက်၏ ကိုဘော့
၆၀ (Cobalt-60) စမ်းသပ်ချက်ကြောင့် ဖြစ်ကြောင်း သင့်ကို ဆက်ပြောပြချင်
သေးသည်။

စိတ်ကူးယဉ်ဇာတ်လမ်းကို ဆက်ပါမည်။

*



www.burmeseclassic.com

www.burmeseclassic.com



ယန်းနှင့် လီတို့က ဂြိုဟ်သားများဆီသို့ လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့ဆီမှာ ကိုဘော့-၆၀ (Cobalt-60) လို့ခေါ်တဲ့ အက်တမ်တွေ ရှိတယ်မဟုတ်လား၊ အဲဒါတွေကို သံလိုက်စက်ကွင်းထဲထည့်လိုက်၊ အဲဒီအက်တမ် အနေ အီလက်ထရွန်တွေ ဖြာထွက်လာလိမ့်မယ်၊ အီလက်ထရွန်တွေ ဦးတည်ရာ အရပ်ဟာ မြောက်ဘက်အရပ်ပဲ၊ ဒါဆို ခင်ဗျားတို့ "နာရီလက်တံလည်ရာလမ်း ကြောင်း' ဆိုတာကော. . . 'လက်ျာဖက်' ဆိုတာကိုကော နားလည်ရောပေါ့"

ဂြိုဟ်သားများက စမ်းသပ်ကြည့်ကြသည်။ အီလက်ထရွန်များ ဖြာထွက်ရာ လမ်းကြောင်းကိုကြည့်ပြီး 'လက်ျာဖက်' ဆိုသည်ကို နားလည်သွားကြ၏။

ဇာတ်လမ်းက ဒီမှာတင် ပြီးဆုံးသင့်ပြီ ဖြစ်ပါသည်။

သို့ရာတွင်. . .

*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ထိုဂြိုဟ်ပေါ်သို့ ဒုံးပျံတစ်စင်းဖြင့် ရောက်သွားခဲ့ကြသည်ဟု ထားကြပါစို့။

ဂြိုဟ်သားများနှင့် တွေ့ဆုံကြသည်။ လက်ချင်းဆွဲ၍ နှုတ်ဆက်ကြသည်။ ကျွန်တော်တို့က ညာဖက်လက်ကို ဆန့်တန်းလျက်. . .။

ရုတ်တရက် တစ်ခုသတိပြုလိုက်မိသည်။

ဂြိုဟ်သားများက လက်ဝဲဖက် ဦးမှင်လက်ဖြင့် နှုတ်ဆက်နေကြခြင်းဖြစ်၏။

ကျွန်တော်တို့၏ လက်ျာဖက်သည် သူတို့အတွက် လက်ဝဲဖက်ဖြစ်နေလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



သည်စိတ်ကူးယဉ်ဇာတ်လမ်းကလေးသည် ကြေးမုံသီအိုရီ (Mirror Theory) ကို ဖော်ပြနေခြင်းဖြစ်ကြောင်း သင့်အား ထပ်မံအသိပေးနေစရာလိုတော့မည် မထင်ပါ။

ကျွန်တော်တို့၏ ခန္ဓာကိုယ်သည် မတ္တာ (Matter) ဖြစ်၍ ဂြိုဟ်သားများ၏ ခန္ဓာကိုယ်သည် ဆန့်ကျင်ဖက် မတ္တာ (Anti-matter) ဖြစ်၏။

သူတို့ စမ်းသပ်ခဲ့သော ကိုဗော့-၆၀ (Cobalt-60) အက်တမ်သည် ကျွန်တော်တို့ကမ္ဘာမြေမှ ကိုဗော့နှင့် ဆန့်ကျင်ဖက်အက်တမ် (Anti Cobalt-60) ဖြစ်ပြီး ထိုအက်တမ်မှ ဖြာထွက်လာသော အီလက်ထရွန် သည်လည်း Anti-electron များပင် ဖြစ်သည်။

ထို့ကြောင့် သူတို့၏ မြောက်ဖက်အရပ်သည် ကျွန်တော်တို့၏ တောင်ဖက်အရပ်ဖြစ်နေလေသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



သင့်အနေဖြင့်တော့ ထိုခေတ်သစ်ရူပဗေဒသီအိုရီကို မည်သို့နားလည်လိုက်သည်မသိပါ။

ကျွန်တော်ကတော့ "ဒီကမ္ဘာမြေပေါ်မှာတင် နေ့စဉ်ဆုံတွေ့နေကျ မျက်နှာများထဲမှာတင် ဆန့်ကျင်ဖက် မတ္တာ (Anti-matter) တွေ ရှိနေတာပဲ မဟုတ်လား" . . . ဟု တွေးနေမိပါသည်။

ကျွန်တော်တို့က အရှေ့ဖက်ဦးလှည့်နေချိန်တွင် တချို့က အနောက်ဖက်ခေါင်းတည်နေကြပေမည်။ သို့ရာတွင် ကျွန်တော်တို့သည် ဆန့်ကျင်ဖက် မဟုတ်ကြပါ။

ကျွန်တော်တို့သည် လူသားများသာ ဖြစ်ကြသည်။ ကျွန်တော်တို့ အားလုံးသည် အတူတူပင် ဖြစ်ကြပါသည်။

✻



www.burmeseclassic.com

www.burmeseclassic.com



မတူညီသောလူသားအားလုံးကို အတင်းအဓမ္မ ညီညွတ်ခိုင်းဖို့ မလိုအပ်ပါ။

လူ. . . ကို 'လူ' ဟု နားလည်ပေးရန်သာ လိုပါသည်။

သင်. . . သဘောတူပါသလား။

***



www.burmeseclassic.com

www.burmeseclassic.com



။ ၂၀ ။

အောင်နိုင်သူသည် သူ့စိတ်ကူးအတိုင်း ဖြစ်စေနိုင်သော အခွင့်အရေးကို ရသည်။

**Conqueror gets a chance to realize his idea.**

●



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်သူဆိုတာ ဘာလဲ? ဂျူးလိယက်ဆီဇာတစ်ယောက် အောင်နိုင်သူဖြစ်ဖို့ လူသန်းပေါင်းမည်မျှသေပေးခဲ့ရပါသလဲ?

(ကျွန်တော် မအောင်နိုင်ချင်သောအရာနှစ်ခု ရှိပါသည်။ ပထမတစ်ခုမှာ 'အချစ်' ဖြစ်ပြီး၊ ဒုတိယတစ်ခုမှာ. . . 'စစ်ပွဲ' ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ထိုနှစ်ခုကို အောင်နိုင်ပြီးလျှင် နောက်ဆက်တွဲ လိုက်၍ ပံ့ပိုးရသော ကုန်ကျစရိတ်မှာ မဆုံးနိုင်အောင် ကုန်ရလွန်းသောကြောင့် ဖြစ်ပါသည်။)

❊



www.burmeseclassic.com

www.burmeseclassic.com



နောက်. . . ထပ်မံစဉ်းစားရမည့်အချက်တစ်ချက်မှာ မိမိစိတ်ကူးများ ရှုပ်လုံးပေါ်လာဖို့အတွက် ကိုယ်က အောင်နိုင်သူကြီးတစ်ယောက်ဖြစ်နေဖို့ အမှန်တကယ် လိုအပ်ပါရဲ့လား. . . ဟူသည့်မေးခွန်းပင်ဖြစ်သည်။

သင်ကော စဉ်းစားဖူးပါသလား။

သင်က အောင်နိုင်သူဖြစ်ဖို့ အဓိကရည်ရွယ်ပါသလား? (သို့တည်းမဟုတ်) သင့်စိတ်ကူးအကောင်အထည်ဖော်ဖို့ အဓိကရည်ရွယ်ပါသလား?

*



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာပုံပြင်လေးတစ်ပုဒ် ပြောပြချင်ပါသည်။ ဥရောပတိုက်သားများ၏ ဓလေ့ကို အခြေခံထားသောပုံပြင်ဖြစ်ပြီး အဓိကဇာတ်ကောင်မှာ အီတလီနိုင်ငံရှိ ဗုဂ္ဂလိကစီးပွားရေးကုမ္ပဏီပိုင်ရှင်တစ်ယောက်ဖြစ်၏။ (အီတလီဟူသော ဒေသစွဲနှင့် ပတ်သက်၍ လိင်ဆိုင်ရာဟာသများ အကြောင်းကို သင်ကြားဖူးထားနှင့်ပြီးသား ဖြစ်ကောင်းရှိမည်ဖြစ်ရာ. . . ယခု ကျွန်တော် ပြောပြမည့်ပုံပြင်အမျိုးအစားကို သင် ခန့်မှန်းနိုင်လောက်ပြီ ထင်ပါသည်)

တစ်ခုသော နံနက်ခင်းတွင် ကုမ္ပဏီပိုင်ရှင်က အိပ်ယာမှ နိုးလာသည်။ နိုးလျှင်နိုးချင်း ထိုနေ့သည် သူ့မွေးနေ့ဖြစ်သည်ကို သူ သတိရလိုက်၏။

သူတို့ အနောက်တိုင်းထုံးစံအရ ရုတ်တရက် အံ့ဩဝမ်းသာဖြစ် သွားစေရန် ချစ်သူများက (ကိုယ့်မွေးနေ့ကိုယ် အမှတ်တမဲ့ မေ့လျော့နေသော) မွေးနေ့ရှင်ကို အသိမပေးဘဲ ကြိုတ်၍ အစီအစဉ်လုပ်ထားပြီး မထင်မှတ်သည့်အခိုက်တွင်မှ ဖြစ်စေ ခနဲ လက်ဆောင်ပေးခြင်း (သို့မဟုတ်) ပါတီပေးခြင်းမျိုးလုပ်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်ကလည်း ထိုအတိုင်းပင် တွေးမိရာ သူ့ဇနီးနှင့် သားသမီးများကိုတ်၍ အစီအစဉ်တစ်ခုခု လုပ်ထားလိမ့်မည်ဟု ထင်မှတ်မိ၏။ ထို့ကြောင့်. . . သူက သူ့မွေးနေ့ဖြစ်မှန်း သူမသိချင်ယောင် ဟန်ဆောင်နေလိုက်သည်။

ရေချိုး အဝတ်အစားလဲ၊ နံနက်စာစားရင်း သူ့ဇနီး၏ အမူအယာကိုလည်း တစေ့တစောင်း အကဲခတ်မိ၏။ သူ့ဇနီးက ဘာမှမသိသည့် ပုံပေါ်နေသည်။ နေ့စဉ်လုပ်နေကျ ဝတ္တရားအတိုင်း အေးအေးဆေးဆေးပင်။

တစ်အိမ်လုံးကိုကြည့်သောအခါတွင်လည်း ဘာမှ ထူးထူးခြားခြား ပြင်ဆင်ထားသည်ကိုမတွေ့ရ။ သူ့သားသမီးများကလည်း မသိ။ သူ့ကို လှည့်၍ပင် ကြည့်ဖော်မရ။ ဝတ်စားပြင်ဆင်ပြီး ကျောင်းသို့ ထွက်သွားကြတော့သည်။

သူက ရေလာမြောင်းပေးသဘောဖြင့် သူ့ဇနီးကို

"ဒီနေ့ ဘာနေ့ပါလိမ့်"

ဟူသော စကားမျိုးဖြင့် အစဖော်ပေးရန် ကြိုးစားကြည့်သေးသည်။ သို့ရာတွင်. . . သူ့ဇနီးက သတိမရ။

နောက်ဆုံးတွင် သူက စိတ်ပျက်စွာ လက်လျှော့လိုက်ပြီး ရုံးသို့ ထွက်လာခဲ့တော့သည်။

"ရုံးမှာများ. . . ငါ့ဝန်ထမ်းတွေက ငါ့အတွက် မွေးနေ့ကိတ်မုန့်ကြီး ပြင်ပြီး ပါတီပေးဖို့ စောင့်နေလေမလား"

ဟူသည့်အတွေးဖြင့် သူစိတ်ကူးယဉ်ပြီး ဝမ်းသာကြည့်လိုက်သေးသည်။

ရုံးခန်းတံခါးဝကို သူ ဖြေးညင်းစွာ တွန်းဖွင့်လိုက်သည်။ သူ့အတွက် လက်ခုပ်သံတွေများကြားရမလား? Happy Birthday to you . . . တ



www.burmeseclassic.com

www.burmeseclassic.com



သံပြိုင်ဆိုလိုက်သော သီချင်းသံကို ကြားရလေမလား?

သူ ရုံးထဲသို့ ဝင်လိုက်သည်။

လက်နှိပ်စက်သံ တဖြောက်ဖြောက်မှလွဲ၍ ဘာသံမှမကြားရ။ ဖိုင်တွဲသူက တွဲနေသည်။ လက်နှိပ်စက်ရိုက်သူက ရိုက်နေသည်။ ခါတိုင်း သာမန်နေ့ရက်များ အတိုင်းပင် အလုပ်ရှုပ်နေကြသည်ကို တွေ့လိုက်ရသောကြောင့် သူ စိတ်ပျက်သွား၏။

နောက်ဆုံး. . . သူ့ကုမ္ပဏီဥက္ကဋ္ဌအခန်းကလေးထဲ ရောက်သောအခါတွင်မှ သူ့အတွင်းရေးမှူးမကလေးက. . .

"ဆရာ. . . ဒီနေ့ ဆရာ့မွေးနေ့လေ ဆရာ"

သူ ဝမ်းသာသွား၏။ ငါ့မွေးနေ့ကို အမှတ်ရတာ ဒီကောင်မလေးတစ်ယောက်ပဲရှိတယ်. . . ဟု သူ ကြည်နူးစွာ တွေးလိုက်သည်။ အတွင်းရေးမှူးမလေးက. . .

"ဆရာ့မွေးနေ့အတွက် ကျွန်မ အထူးအစီအစဉ်လုပ်ထားတယ် ဆရာ"

ထိုစကားကို ကြားရသောအခါတွင်မှ အတွင်းရေးမှူးမလေးကို သူ အသေအချာကြည့်ဖြစ်သည်။ ကောင်မလေးက ဒီနေ့ကျမှ ရုံးယူနီဖောင်းဝတ်မထား။ အကျီကျပ်ကျပ်နှင့် ပါးလွှာသော ဂါဝန်တိုနံ့နံ့လေးကိုသာ ဝတ်ထားသည်။

ကောင်မလေးက သူ့ကို အဓိပ္ပာယ်ရှိစွာ ပြုံးပြီး စိုက်ကြည့်နေ၏။ သူ တစ်ခုခုကို နားလည်သလိုလို ခံစားလာရသည်။ ကောင်မလေး၏ ဂါဝန်တိုတို လေးကို ထပ်ကြည့်မိပြန်၏။

အတွင်းရေးမှူးမလေးက. . .


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နေတဲ့အခန်းကို ဆရာ့ကို တစ်ခါမှ ခေါ်မသွားဖူးနော်၊ ဒီနေ့တော့ ဆရာလိုက်ခဲ့ပေတော့"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

ကုမ္ပဏီပိုင်ရှင်က အတွင်းရေးမှူးမလေးပြောသော 'အထူးအစီအစဉ်' ကို ခေါင်းပွာယ်ဖွင့်ကြည့်လိုက်ပြီး စိတ်ထဲတွင် ကျိတ်၍ ပျော်နေမိသည်။

ကောင်မလေးရဲ့အခန်းကို လိုက်သွား. . .၊

အင်း. . . ပြီးတော့. . .၊

အနမ်းတွေ ဝေကြမည်။ ပြီးလျှင်တော့. . .၊

ကောင်မလေး၏ တိုက်ခန်းသို့ သူတို့နှစ်ယောက် ရောက်လာကြသည်။ အခန်းထဲဝင်လိုက်သောအခါ မှောင်မိုက်နေ၏။

"ဆရာ. . . ညှော်ခန်းထဲမှာ ခဏထိုင်ဦးနော်၊ မီးမဖွင့်နဲ့သိလား၊ ကျွန်မ အဝတ်အစားသွားလဲမလို့"

ကောင်မလေးက အိပ်ခန်းထဲပြေးဝင်သွား၏။ ကုမ္ပဏီဥက္ကဋ္ဌကတော့ ညှော်ခန်းထဲရှိ ဆိုဖာရှည်ပေါ်တွင်ထိုင်ရင်း သူမနှင့် နှစ်ကိုယ်တူ ချစ်ရည်လူးဖို့ ရည်ရွယ်ကာ မှောင်ထဲမှာပင် သူ့အဝတ်အစားအားလုံးကို ချွတ်ပြီး ကြမ်းပြင်ပေါ် ပုံချထားလိုက်သည်။

နောက်. . . ဆိုဖာရှည်ပေါ်တွင် လဲလျောင်းရင်း ကောင်မလေး ထွက်အလာကို စောင့်နေ၏။

ထိုအခိုက်တွင်. . . လက်ခုပ်တီးသံများကို ရုတ်တရက် ကြားလိုက်ရသည်။ ပြီးခနဲ အခန်းထဲရှိမီးများ ထိန်ထိန်လင်းသွား၏။

အိပ်ခန်းတွင်းမှ သူ့ဇနီး၊ သားသမီးများနှင့် ရုံးဝန်ထမ်းများအားလုံးက



www.burmeseclassic.com

www.burmeseclassic.com



Happy Birthday to you . . . ဟု သီချင်းသံပြိုင်ဆိုကာ ညှော့ခန်းဆီ ပြေးထွက်လာကြလေသည်။

သူကတော့. . . မီးရောင်အောက်၊ ဆိုဖာပေါ်တွင်. . . အဝတ်ဗလာနှင့်။

*



www.burmeseclassic.com

www.burmeseclassic.com



ထိုဟာသလေးကို ဖတ်ပြီး ကျွန်တော် ရယ်မောမိပါသည်။ နောက်ဆုံးတော့. . . သူ့စိတ်ကူး အကောင်အထည်ပေါ်တာပဲ မဟုတ်ဘူးလား . . . ဟု တွေးမိ၏။

သူက. . . သူ့ဇနီး (သို့မဟုတ်) သားသမီးများ (သို့မဟုတ်) ရုံး ဝန်ထမ်းများအနေဖြင့် သူ့မွေးနေ့ကို အံ့ဩစရာတစ်ခုခု ဖန်တီးကျင်းပပေးစေချင်သောဆန္ဒရှိသည်။

နောက်ဆုံး. . . သူ့ဆန္ဒအတိုင်း ဖြစ်လာသည်။

သို့ရာတွင် လမ်းခုလတ်တွင် အကွေ့အကောက်ကလေးများ ဖြစ်သွားခဲ့၏။ ထို့ကြောင့်သာ ကျွန်တော်တို့ ရယ်မောမိကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့၏ စိတ်ကူးများ ဆန္ဒများကကော?

ကျွန်တော်တို့၏ စိတ်ကူးများ အကောင်အထည်ပေါ်လာသည်ဆိုစေကာမူ ထိုသို့ အကွေ့အကောက်များနှင့်ဆိုလျှင် ရယ်မောနိုင်စွမ်းရှိမှရှိပါ့မလား. . . ဟု တွေးမိ၏။ (အောင်နိုင်သူတစ်ယောက်ဖြစ်ရခြင်းမှာလည်း ဘာမှအခိုပ်ပြဿနာရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်သည်မှာ သေချာပါသည်) လူ့ဘဝဆိုသည်ကလည်း မမျှော်လင့်ထားသော အကွေ့အကောက်များဖြင့် ခဏခဏ ကြုံရတတ်သည် မဟုတ်လား။

ကျွန်တော့်မိတ်ဆွေတစ်ယောက်က မေးဖူး၏။

"မမျှော်လင့်ထားတာတွေ ဖြစ်လာတတ်တာကို ဘယ်လိုရှောင်လွှဲရနိုင်မလဲ"

"ဘာကိုမှ မျှော်လင့်မထားနဲ့ပေါ့"

ဟု ကျွန်တော် ပြန်ဖြေလိုက်ပါသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



။ ၂၁ ။

ကမ္ဘာကြီးသည် လှေခါးဖြစ်သည်။ တချို့က တက်နေကြပြီး တချို့က ဆင်းနေကြသည်။

**The world is a staircase; some are going up, some are coming down.**

●



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ဟာသတစ်ခု ပြောပြချင်ပါသေးသည်။ တစ်ခါတုန်းက လူတစ်ယောက်သည် လက်သမားဆရာဆီ ရောက်လာပြီး အလုပ်တစ်ခုအပ်သည်။

"ရေတွင်းထဲ ဆင်းချင်လို့ဗျာ၊ အဲဒါ. . . လှေကားတစ်ခုလောက် လုပ်ပေးစမ်းပါ"

လက်သမားဆရာက သုံးရက်ချိန်းလိုက်၏။ သုံးရက်မြောက်သောနေ့တွင် ထိုသူ ရောက်လာပြန်သည်။ လက်သမားဆရာက သူလုပ်ထားသော လှေကားကို ပြ၏။ ထိုသူက လှေကားကို စေ့စေ့စပ်စပ်ကြည့်ပြီး

"ခင်ဗျား. . . ကျွန်တော့်ကို နောက်တာလား"

"ဗျာ. . . ဘာနောက်လို့လဲ? ခင်ဗျားမှာထားတဲ့အတိုင်း လှေကားလုပ်ပေးထားတာပဲ"

"မဟုတ်ဘူးလေဗျာ၊ ကျွန်တော် မှာထားတာက ရေတွင်းထဲဆင်းဖို့ လှေကား၊ အခု ခင်ဗျားလုပ်ပေးထားတာက အပေါ်တက်တဲ့လှေကား"

*



www.burmeseclassic.com

www.burmeseclassic.com



ခွက်ထိုးခွက်လန် ရယ်ရလောက်သော ဟာသတစ်ခုတော့မဟုတ်ပါ။ စိတ်ထဲမှ ကျိတ်၍ပြုံးရသောဟာသမျိုးဖြစ်၏။ ကျွန်တော်ကတော့ ထိုဟာသကို မကြာခဏ ပြန်ပြန်တွေးမိပြီး အကြိမ်ကြိမ် ပြုံးဖြစ်ခဲ့ပါသည်။

လှေကားဆိုတာ ဘာလဲ?

လှေကားတစ်ခုသည် အပေါ်တက်ရန် အသုံးပြုဖို့ (သို့မဟုတ်) အောက်ဆင်းရန် အသုံးပြုဖို့ ရည်ရွယ်ချက်တစ်ခုတည်းသက်သက်ဖြင့် ပြုလုပ်ထားသော ကိရိယာအဖြစ် ယူဆထားသူတစ်ယောက်အကြောင်းကို ထိုဟာသက သရော်ထားခြင်းဖြစ်၏။

အဲသည် ရယ်မောစရာအတွေး၏ နောက်ကွယ်တွင် အဓိပ္ပာယ်တွေ အများကြီး ပုန်းအောင်းကွယ်လျှိုးနေသည်ဟု ကျွန်တော် ခံစားရပါသည်။

စောစောက မေးခွန်းကိုပင် ကျွန်တော် ပြန်မေးရပါဦးမည်။

"လှေကားဆိုတာ ဘာလဲ?

လှေကားဆိုသည်မှာ ကိရိယာတစ်ခုသာလျှင်ဖြစ်ပါသည်။ အပေါ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တက်၍ရပါသည်။ အောက်ကိုလည်း ဆင်း၍ရပါသည်။

လှေကားတစ်ခုတည်းဖြင့်ပင် 'တက်ခြင်း' ကိုကော. . .၊ 'ဆင်း ခြင်း' ကိုပါ ဖန်တီး၍ရ၏။

အကယ်စင်စစ် 'တက်ခြင်း၊ ဆင်းခြင်း' ဟူသော အကျိုးရလာဒ်သည် လှေကားနှင့် မဆိုင်ပါ။

လှေကားကို အသုံးချသူနှင့်သာ ဆိုင်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com


"လောကဆိုသည်မှာ ဘာမှကြီးကြီးကျယ်ကျယ်မဟုတ်ပါ။

မိမိ၏ တုံ့ပြန်ချက်သာလျှင် ဖြစ်သည်"

ဟု တစ်ခါက ကျွန်တော် ရေးခဲ့ဖူး၏။ ယခု အသက်အရွယ်ရလာလေ လေ. . . ထိုအမြင်သည် ပို၍ ခိုင်မာလာလေလေ ဖြစ်ပါသည်။

သင့်ပတ်ဝန်းကျင်ကို. . .

သင့်မိတ်ဆွေကို. . .

သင့်ရန်သူကို. . .

သင့်ချစ်သူကို. . .

သင် မည်သို့တုံ့ပြန်ပါသနည်း။

*


www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် ထပ်ဖြည့်ပြောစရာစကားတစ်ခွန်း ရှိလာပြန်သည်။

“ဘဝဆိုသည်မှာ လှေကားတစ်ခုဖြစ်၏”

(ပစ္စုပ္ပန်တွင်ဖြစ်စေ၊ သံသရာတွင်ဖြစ်စေ) အပေါ်ကို တက်မည်လား? အောက်ကိုဆင်းမည်လား?

သင့်လှေကားကို သင် ဘယ်လိုအသုံးချမည်လဲဆိုသည့်ကိစ္စ အပေါ်တွင်သာ မူတည်ပါသည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



" ၂၂ "

လှုပ်ရှားမှုသည် အအေးကို အောင်နိုင်၏၊
ငြိမ်သက်ခြင်းသည် အပူကို အောင်နိုင်၏၊
စင်ကြယ်သော ငြိမ်သက်ခြင်းသည်
အလုံးစုံပြည့်ဝသော ဒိဋ္ဌဓမ္မလောကတရားဖြစ်၏၊

**Activity overcomes the cold,**
**Tranquillity overcomes the heat,**
**The pure calmness is the**
**complete reality.**

**(Tao)**

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူတစ်စုနှင့် တွေ့ဆုံခဲ့ဖူးပါသည်။ သူတို့က အဖွဲ့ကလေးတစ်ဖွဲ့ ဖွဲ့ထားပြီး 'လောကသစ္စာတရား ရှာဖွေရေးအဖွဲ့" ဟု သူတို့ကိုယ်သူတို့ နာမည်ပေးထား၏။

ကျွန်တော်နှင့် တွေ့ဆုံသည့်အချိန်တွင် သူတို့က

"ကြက်ဥနှင့် ကြက်မ ဘယ်ဟာက အရင်စသလဲ"

ဟူသည့် ပြဿနာကို အဖြေရှာနေကြ၏။ ကျွန်တော်က သူတို့ကို

"ခင်ဗျားတို့က အရူးတွေပဲ"

ဟု ပြောလိုက်သည်။ သူတို့က လက်ခံသဘောတူလိုက်ကြပြီး သူတို့၏ အဖွဲ့နာမည်ကို "အရူးများအဖွဲ့" ဟု အမည်ပြောင်းလိုက်ကြသည်။

ထို့နောက်. . .

ကျွန်တော့်ကို သူတို့အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ခန့်လိုက်ကြပါသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



သင့်မှာ ချစ်သူတစ်ယောက်ရှိနေခြင်းသည် (မည်သည့်နည်းအားဖြင့်မဆို) ကောင်းသည်ဟု ကျွန်တော် ပြောချင်ပါသည်။

အနည်းဆုံးတော့ တစ်ယောက်က အကြောင်းကြောင်းမေးခွန်းများ မေးပြီး ကျန်တစ်ယောက်က ဖြေဆိုပေးဖို့ရာ အသုံးဝင်နိုင်ပါသည်။

တစ်ခါက ချစ်သူကို ကျွန်တော် မေးခွန်းတစ်ခု မေးကြည့်ဖူး၏။

"ကြက်ဥနဲ့ ကြက်မ ဘယ်ဟာက အရင်စသလဲ"

ချစ်သူက တိတ်ဆိတ်စွာဖြင့် ခေတ္တစဉ်းစားနေပြီး

"ကြက်ဥဟာ ကြက်မပဲလေ၊ နာမည်ကွဲပေမယ့် တစ်ခုတည်းပဲ၊ ဘယ်ဟာက အရင်၊ ဘယ်ဟာကနောက်. . . ဆိုတာ မရှိဘူး"

ရိုးရိုးသားသား ဝန်ခံရလျှင် ထိုအဖြေကို ကျွန်တော် သဘောမတွေ့လှပါ။ စိတ်ထဲမရှင်းပါ။

✻



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေခင်းမှာ ချစ်သူကို ကျွန်တော်က ခြေသည်းဆိုးပေးနေခဲ့၏။ ထိုစဉ် ချစ်သူက ကျွန်တော့်လက်ထဲမှ ခြေသည်းဆိုးစုတ်တံကို လှမ်းယူပြီး စာရွက်အပိုင်းအစတစ်ခုပေါ်တွင် ၆၀ ဒီဂရီရှိ ထောင့်ကျဉ်းတစ်ခု၏ ပုံကို ဆွဲပြသည်။



သူမ. . . ဘာဆိုလိုချင်မှန်း နားမလည်နိုင်သေးသောကြောင့် ငေးကြည့်ရုံကြည့်နေမိဆဲမှာပင် သူမက နောက်ထပ် စာရွက်အပိုင်းအစပေါ်တွင် ဒုတိယထောင့်ကျဉ်းတစ်ခုကို ပြောင်းပြန်အနေအထားဖြင့် ဆွဲပြပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com




ထို့နောက်. . . သူမက မေး၏။

"ထောင့်တစ်ခုနဲ့ နောက်ထပ်ထောင့်တစ်ခုပေါင်းရင် ဘယ်လောက်ရမလဲ"

"ထောင့်နှစ်ခုပေါ့"

ကျွန်တော့်အဖြေကို ကြားရသောအခါ သူမ ပြုံးသည်။ ထို့နောက် ထောင့်ကျဉ်းနှစ်ခုကို ဆက်ပြလိုက်၏။ ထောင့်သုံးထောင့်ပါသော တြိဂံတစ်ခု ဖြစ်လာလေသည်။



၁+၁ = ၂ မဟုတ်လားဟု ကျွန်တော် တွေးနေမိသည်။

ဟင့်အင်း. . . ထောင့်တွေအတွက်တော့ ၁+၁=၃ လည်း ဖြစ်နိုင်တာပဲလေ။

ဒါဆို နောက်ထပ် ထောင့်တစ်ခုက ဘယ်ကရောက်လာတာလဲ။

ကျွန်တော် စဉ်းစားရင်းက ကြက်ဥနှင့် ကြက်မအကြောင်း ပြန်သတိရမိဖြစ်သည်။

ကြက်ဥကို ဘယ်သူဖန်ဆင်းတာလဲ? ကြက်မကို ဘယ်သူဖန်ဆင်းတာလဲ? နောက်ပြီးတော့. . . လောကကြီးကိုကော ဘယ်သူဖန်ဆင်းတာလဲ?

❋



www.burmeseclassic.com

www.burmeseclassic.com

အရာရာသည် ၁+၁=၂ ဖြစ်လာခဲ့ကြခြင်းမဟုတ်ပါ။ လောကကြီးသည် ဘတိယမြောက်ထောင့်ကျဉ်းအဖြစ်နှင့် ပေါ်ပေါက်လာခဲ့ပုံရပါသည်။ ကျွန်တော်တို့ကသာ တတိယထောင့်ထဲတွင် ရှင်သန်နေထိုင်နေရင်း ငါတို့ကို ဘယ်သူဖန်ဆင်းတာလဲ. . . ဟု မဝံ့မရဲ မေးနေကြခြင်း ဖြစ်၏။

ညနေစောင်းခဲ့ပြီ။ ကျွန်တော်က ချစ်သူကို ခြေသည်းဆိုးပေးနေဆဲပင်ရှိသေးသည်။ ညနေ နေရောင်ခြည်က ပြတင်းပေါက်မှ တိုးဝင်လာ၏။ ညနေနှင့် မနက်ခင်း ဘယ်သူအရင်လာသလဲ?

နံနက်ခင်းက ညနေကို မွေးဖွားပေးလိုက်ခြင်း မဟုတ်သလို ညနေကလည်း နံနက်ခင်းကို မွေးဖွားပေးခဲ့ခြင်းမဟုတ်ပါ။

နံနက်နှင့် ညနေသည် (အမည်နာမ ကွဲပြားသော်လည်း) တကယ်တော့ တစ်ခုတည်းသာ ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



▪ ၂၃ ▪

ဉာဏ်ပညာအလွန်ရှိခြင်းသည် မိုက်မဲခြင်းဖြစ်သည်။

**Too much wisdom is folly.**

**(English Proverb)**

●



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားပုံကို ဖတ်ရပြီးသည့်နောက်တွင် Reader's Digest မဂ္ဂဇင်း တစ်အုပ်၌ ပါဖူးသော ရွှတ်နောက်နောက်စာသားတစ်ခုကို သွားသတိရမိ၏။ ထိုစာသားမှာ. . .

"ပညာသင်ယူရခြင်းသည် အလွန်အံ့ဩဖွယ်
ကောင်းသောကိစ္စတစ်ခုဖြစ်လေသည်။
သင်သည် ပညာမတတ် (စာမတတ်) လျှင် သင်
အမည်ကို သင် လက်မှတ်ရေးထိုးနိုင်မည်မဟုတ်။
ထိုသို့ဆိုလျှင်. . . သင်ပေးစရာရှိသော ကြွေးစာရင်းများပေါ်တွင်
သင်လက်မှတ်ရေးထိုးရလိမ့်မည်မဟုတ်ချေ"

အဲသည်စာသားကို ဖတ်ရစဉ်တုန်းကတော့ "အတော်ကမောက်ကမ ပြောင်းပြန်ဇောက်ထိုးတွေးတတ်တဲ့ လူတစ်ယောက်ရဲ့စာသားဖြစ်မှာပဲ" တု တွေးဖြစ်မိသေး၏။

တစ်ခါက. . . စာသင်ခန်းထဲတွင် ရူပဗေဒဆရာမက ကလေးများကို နယူတန်၏ မြေဆွဲငင်အားနိယာမအကြောင်း ရှင်းပြရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"*ဆာ အိုက်ဆက်* နယူတန် (*Sir* Isaac Newton) ဟာ ဒီနိယာမတို့ မင်းတို့လိုစာအုပ်ထဲမှာ ဖတ်ရပြီး သိတာမဟုတ်ဘူး၊ သူကိုယ်တိုင် ပန်းသီးပင်အောက်မှာ ထိုင်နေရင်းနဲ့ လက်တွေ့ဖြစ်ရပ်ကနေ သိလာတာ"

ကလေးတစ်ယောက်က ထပြောသည်။

"ဒါဆို. . . ကျွန်တော်တို့လည်း ဘာဖြစ်လို့ ဟောဒီအခန်းထဲထိုင်ပြီး စာအုပ်တွေဖတ်မှာလဲ၊ ကျွန်တော်တို့ ပန်းခြံထဲလျှောက်သွားကြရင် မကောင်းဘူးလား"

ကလေးတစ်ယောက်၏အတွေးဖြစ်သောကြောင့် ရယ်စရာကောင်းနေသည့်တိုင် ကျွန်တော် မရယ်မိပါ။

တကယ်တမ်း. . . ကျွန်တော်တို့ လောကထဲလျှောက်သွားကြလျှင်ကောဘာတွေဖြစ်လာမည်နည်းဟု စဉ်းစားကြည့်မိသည်။

ပြောင်းပြန်ဇောက်ထိုးအသိများ. . .

ကမောက်ကမအဖြစ်များနှင့်

ကွေ့ကွေ့ကောက်ကောက် အတွေ့အကြုံများ မတွေ့ရနိုင်ဘူး လား။

✼



www.burmeseclassic.com

www.burmeseclassic.com



နယူတန်၏ နိယာမအကြောင်း ဆက်တွေးကြည့်ပါမည်။

**"လမင်းဟာ ကမ္ဘာမြေပေါ် ပြုတ်ကျလာနိုင်သလား"**

ဟု နယူတန်က မေးခဲ့၏။

၁၆၀၀ ပြည့်နှစ်များဆီက ဘုရားကျောင်းများနှင့် သုတေသီများ ယုံကြည်ကြသော ဥပဒေသနှစ်ခု ရှိ၏။ တစ်ခုက ကောင်းကင်ဘုံဥပဒေသဖြစ်ပြီး နောက်တစ်ခုက ကမ္ဘာမြေဥပဒေသ ဖြစ်၏။

ကောင်းကင်ဘုံဥပဒေသသည် လုံးဝပြီးပြည့်စုံပြီး ညီညွတ်၏။ ကမ္ဘာမြေဥပဒေသကတော့ ရုပ်ဆန်သည်။ အကြမ်းစား၊ အရိုင်းဆန်သည်ဟု ယူဆကြ၏။

ထိုအယူအဆ စွဲကိုင်သူများကပင် ဂျော်ဒန်နိုဘရူနို (Giordano Bruno) ကို မီးရှို့သတ်ခဲ့ကြခြင်းဖြစ်ပါသည်။ သို့ရာတွင် ဂျော်ဒန်နိုဘရူနို အသတ်ခံရခြင်းသည် အမှန်တရား သေဆုံးသွားခြင်းမဟုတ်ကြောင်း သင့်အား ကျွန်တော် ပြောပြပါရစေ။

ကြောင်နှစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



နယူးတန်၏လက်ထက်တွင် ရူပဗေဒအယူအဆအပြောင်းအလဲများ ကြီးကျယ်စွာ ပြောင်းလဲသွားခဲ့သည့်အကြောင်းကိုတော့ အားလုံး သိပြီးသားဖြစ်ပါလိမ့်မည်။

*



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေပေါ်ကျလာသော အရာဝတ္ထုများ၏ ရွေ့လျားမှုအကြောင်းကို နယူတန်က လေ့လာခဲ့ပြီး ထိုအရာဝတ္ထုများ (falling Object) ၏ အရွေ့လမ်းကြောင်းကို လွှမ်းမိုးသော သီဝရီကို ဖော်ထုတ်ခဲ့ခြင်းဖြစ်၏။

သူက လမင်းသည် ကမ္ဘာမြေကို ပတ်လမ်းတစ်ခုအတွင်း ပတ်လျက် (ကမ္ဘာမြေဆီသို့) ပြုတ်ကျနေသော ကျောက်တုံးကြီးတစ်တုံးဖြစ်သည်. . ဟု ဆိုခဲ့သည်။

သူပေးခဲ့သော ဥပမာလေးကို ကျွန်တော် သဘောကျပါသည်။

အလွန်မြင့်မားသော. . .

တောင်တစ်လုံး၏ထိပ်ဖျားတွင်ရပ်လျက်၊ ကျောက်တုံးတစ်တုံးကို လုံလောက်သောအလျင် (Velocity) တစ်စုံတစ်ရာဖြင့် ပစ်တင်လိုက်ပါက. . .

ထိုကျောက်တုံးသည် လေထဲရောက်ပြီး အမြင့်ဆုံးအမှတ်တွင် ရပ်တန့်သွားမည်။ (ထိုအချိန်တွင် ကမ္ဘာကလည်း လည်နေသည်၊ ကျောက်တုံးကလည်း ကမ္ဘာမြေကို ပတ်၍လည်သည်)



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံး ပြန်ကျလာသောအခါ ပစ်လွှတ်လိုက်သူ၏ နောက်စေ့တို ထိမှန်မည်. . . ဟု နယူတန်က ဆိုပါသည်။

❊



www.burmeseclassic.com

www.burmeseclassic.com



ထိုဥပမာကို ဖတ်ပြီး ကျွန်တော် တွေဝေသွား၏။

"ကိုယ်လုပ်လိုက်တဲ့ လုပ်ရပ်တစ်ခုရဲ့ အကျိုးဆက်ဟာ ကွေ့ကောက်သွားတတ်သလား" ဟု စဉ်းစားမိပါသည်။

တစ်ခါတစ်ရံတွင် လောကကြီးက ကျွန်တော်တို့ကို အဖြောင့်အတိုင်း မတုံ့ပြန်တတ်ပါ။

*



www.burmeseclassic.com


www.burmeseclassic.com



ကျွန်တော်တို့က တစ်သက်လုံး "အလင်းတန်းသည် မျဉ်းဖြောင့်အတိုင်းသွားသည်" ဟု နားလည်ထားခဲ့ရာမှ ၁၉၁၉ ခုနှစ် မေလတွင် အိုင်းစတိုင်းက. . .

"အလင်းတန်းများသည် ကွေ့ကောက်ကြောင်း" သက်သေပြခဲ့၏။

(ကွေ့ကောက်သောအလင်းတန်းများအကြောင်း အောက်ပါပုံတွင် တွေ့မြင်နိုင်သည်)






www.burmeseclassic.com

www.burmeseclassic.com



ပုံတွင် ကျွန်တော်တို့သည် ကြယ်များကို (အဖြောင့်အတိုင်း) တကယ်ရှိ သည့်နေရာတွင် မမြင်ရဘဲ ကွေ့ကောက်မြင်ရကြောင်း သိနိုင်ပါသည်။

(၁) လောကကြီးက ကွေ့ကောက်နေသည်။

(၂) ကျွန်တော်တို့၏ အမြင်များကလည်း ကွေ့ကောက်နေသည်။

(၃) ထို့ကြောင့်. . . အဖြေမှာ

(A) ကျွန်တော်တို့သည် ကွေ့ကောက်သွားကြသည်။

(B) ကျွန်တော်တို့သည် တည့်မတ်သွားကြသည်။

(သင် နှစ်သက်ရာကို ရွေးချယ်ဖြေဆိုနိုင်ပါသည်။)

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



▪ ၂၄ ▪

သေခြင်းသည် နတ်ဆိုးမဟုတ်၊

သစ္စာရှိသောမိတ်ဆွေသာဖြစ်၏၊

**Death is not a devil,**

**but a faithful friend.**

**(Ghandi)**

●



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပေါ် ရူပဗေဒ အယူအဆသစ်အကြောင်း ပြောပြချင်ပါသေးသည်။

ထိုအယူအဆကို မဟာကြိုးမျှင် သီဝရီ (The Superstring Theory)ဟု ခေါ်၏။ စကြာဝဠာသီဝရီဟုလည်း ခေါ်ကြသည်။ အလုံးစုံကို ဖြေရှင်းနိုင်သော သဘောတရားဖြစ်သောကြောင့်လည်း (Theory of Everything) ဟု ခေါ်ကြသည့်အကြောင်း ဖတ်ဖူးပါသည်။

✻



www.burmeseclassic.com

www.burmeseclassic.com



ယခင်တုန်းကတော့ စကြာဝဠာကြီးကို တည်ဆောက်ပေးထားသည့် အသေးငယ်ဆုံးအခြေခံအစိတ်အပိုင်းသည် အက်တမ် (Atom) ဖြစ်သည်ဟု နားလည်ခဲ့ကြ၏။ ထိုအက်တမ် (Atom) တစ်ခုကို ဖွဲ့စည်းထားသည့် အမှုန်များသည် ပရိုတွန် (Proton) အီလက်ထရွန် (electron) နှင့် နျူထရွန် (Neutron) တို့ ဖြစ်ကြောင်း အားလုံး သိနှင့်ခဲ့ကြပြီးသား ဖြစ်ပါလိမ့်မည်။




ပရိုတွန်က အဖို (+) သဘော၊ အီလက်ထရွန်က အမ (-) သဘောနှင့် နျူထရွန်က ဓာတ်ပျယ် (၀) သဘောဆောင်သည့်အမှုန်များ ဖြစ်ကြ၏။

နောက်ထပ် မေးခွန်းတစ်ခု ပေါ်လာပါသည်။

ပရိုတွန်၊ အီလက်ထရွန်၊ နျူထရွန်တို့ကို မည်သည့်အရာဖြင့် ဖွဲ့စည်း တည်ဆောက်ထားပါသနည်း?



www.burmeseclassic.com

www.burmeseclassic.com



**အဘယ်ကြောင့် ဓာတ်ဖိုသဘော၊ ဓာတ်မသဘော၊ ဓာတ်ဖျယ်သဘော ကွဲပြားခြားနားနေရပါသနည်း?**

ယခင်တုန်းကတော့ ထိုပြဿနာအတွက် အဖြေမရှိခဲ့ပါ။

အခု Superstring သီဝရီ ပေါ်လာသောအခါတွင်တော့ ထိုသို့ ကွဲပြားနေသော အသွင်သဏ္ဍာန်အားလုံး၏ အခြေခံသည်

"တစ်ခုတည်း"

ဖြစ်ကြောင်း ဖြေရှင်းခဲ့ပြီ ဖြစ်ပါသည်။

**ပရိုတွန်၊ အီလက်ထရွန်၊ နျူထရွန်အမှုန်များကို ဖွဲ့စည်းထားသော အရာသည် ကြိုးမျှင် (strings) ကလေးများ ဖြစ်သည်ဟု (The Superstrings Theory)က ဆိုပါသည်။**

ဓာတ်ဖိုသဘော၊ ဓာတ်မသဘောကွဲပြားနေရခြင်းမှာ ထိုကြိုးမျှင် ကလေးများ၏ 'တုန်ခါမှု မတူညီခြင်းကြောင့်" ဖြစ်သည်ဟု ရှင်းပြခဲ့၏။

※



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတစ်ချောင်း၏ တုန်ခါမှုမတူညီသောအခါ ထွက်ပေါ်လာသော ဂီတ
သံစဉ်များ မတူညီသကဲ့သို့ စကြ ဝဠာကြီးကို ဖွဲ့စည်းထားသော အခြေခံအက
ဆုံးကြိုးမျှင်များ တုန်ခါမှုမတူညီခြင်းကြောင့် အသွင်သဏ္ဍာန်အမျိုးမျိုး ကွဲပြားစွ
ဖြစ်ပေါ်နေကြ၏။

သို့ရာတွင်. . .

(ကြိုးတစ်ချောင်း၏ မတူညီသော တုန်ခါမှုဖြင့် ဖြစ်ပေါ်လာသည့်) ကွဲပြာ
ခြားနားသော အသံများသည် စုစည်းလိုက်သောအခါ သီချင်းတစ်ပုဒ်အဖြစ်
ညီညွတ်မှုရှိနေသကဲ့သို့ပင်။

စကြ ဝဠာသည် ညီညွတ်နေသည်ဟု ဆို၏။

*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရောက်တတ်ရာရာ လျှောက်တွေးမိသော ကိုးယိုးကားယား စိတ်ကူးများကို ပြောပြချင်ပါသေးသည်။

စကြ ဝဠာကြီးကို လွှမ်းမိုးနေသော အခြေခံအား (၄) မျိုးရှိသည်။

(၁) မြေဆွဲအား (Gravity)

(၂) လျှပ်စစ်သံလိုက်အား/အလင်း (Electromag netism/Light)

(၃) အပြင်းစားနျူကလီးယားအား (Strong nuclear force)

(၄) အနုစားနျူကလီးယားအား (Weak nuclear force)

(၁) မြေဆွဲအား (GRAVITY) ဆိုသည်မှာ နေစကြ ဝဠာတစ်ခုလုံးကို စုစုစည်းစည်းဖြစ်အောင် ကာဆွဲငင်ထားပေးသောအားဖြစ်သည်။

ကမ္ဘာမြေကြီးက ဂြိုဟ်များကို ဆွဲငင်ခြင်းအားဖြင့် ပတ်လမ်းထဲတွင် ညီညွတ် မြဲမြံစွာ စကြ ဝဠာကြီးတစ်ခုလုံး လည်ပတ်နေသည်။ ကြယ်တွေကို ပေါက်ကွဲ မထွက်အောင် ဆီးထား၏။

(ကျွန်တော်ကတော့ လူ့နှလုံးသားထဲတွင်လည်း ရှိသည်ဟု(GRAVITY) တွေးမိသည်။ ယင်းစိတ်ကိုတော့ ကျွန်တော်က လူသားအချင်းချင်း ပေါင်းသင်း

www.burmeseclassic.com

www.burmeseclassic.com



ဆွဲငင်သောအင်အား **'လူဆွဲအား'** ဟု အမည်ပေးလိုက်၏။ ယင်းသို့ ပေါင်းသင်းဆက်ဆံရေးစိတ်ဖြင့် လူ့အသိုင်းအဝိုင်းကြီးတစ်ခုလုံး ညီညွတ်မြဲမြဲအောင် ပေါင်းစည်းပေးထားသည် မဟုတ်လား)

(၂) **လျှပ်စစ်သံလိုက်အား/အလင်း** ဆိုသည်မှာ အက်တမ်တစ်ခုကို ဖွဲ့စည်းထားသော အားဖြစ်ပါသည်။

အက်တမ်တစ်ခု၏ အလယ်ဗဟိုတွင်ရှိသော ပရိုတွန်နှင့် **နျူထရွန်** ပေါင်းစည်းထားသည့် **နျူကလီးယပ်(စ်)**ကို အီလက်ထရွန်က လှည့်ပတ်မြဲ လှည့်ပတ်နေအောင် ဖွဲ့စည်းပေးထားသည့်အားဖြစ်၏။

အလင်းဆိုသည်မှာ လျှပ်စစ်သံလိုက်အားပင်ဖြစ်ပြီး အီလက်ထရွန်များ၏ **ရွေ့လျားမှု**ကို အနှောင့်အယှက်ပေးခံရသောအခါ ပုံမှန်လမ်းကြောင်းမှ သွေဖီသွားသည့် အီလက်ထရွန်များက အလင်းကို ထုတ်လွှတ်လေသည်။

(**ကျွန်တော်ကတော့**. . . လူ့နှလုံးသားထဲတွင် ရှိသော လျှပ်စစ်သံလိုက်အားကို **'အတ္တ'** ဟု အမည်ပေးထားပါသည်။ တစ်ခါတစ်ခါ သင်အတ္တမှ အလင်းရောင်တွေ **လွှတ်သည်**ကို သင်ကိုယ်တိုင် သတိထားဖူးကောင်း သတိထားမိပါလိမ့်မည်။)

(၃) **အပြင်းစားနျူကလီးယားအား** ဆိုသည်မှာ အက်တမ်၏ အလယ်ဗဟိုတွင်ရှိသော ပရိုတွန် (+) နှင့် **နျူထရွန်** (၀) ကို ပေါင်းစည်းပေးထားသည့် အားဖြစ်၏။ ထိုအားသာမရှိခဲ့လျှင် နျူကလီးယပ်ထဲမှ ပရိုတွန်သည် ကန်အား (repulsive force) ဖြင့် လွင့်စင်ထွက်သွားမည်ဖြစ်ပါသည်။ အက်တမ်၏ ဗဟိုချက်ပြိုကွဲသွားမည်ဖြစ်၏။

ကြယ်တွေလင်းနေရသည်မှာ ထိုနျူကလီးယားအားကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်တမ်၏ ဗဟိုချက်ကို တည်ငြိမ်အောင် ထိန်းထားပေးသည့် ထို **မျူကလီးယားအား**ကို လူ့အားလုံးအတွက်တော့ **'ဆင်ခြင်သိစိတ်'** ဟု ကျွန်တော် အမည်ပေးထားလိုက်ပါသည်။

(ကျွန်တော်တို့၏ ဗဟိုချက်ကို ထိုဆင်ခြင်သိစိတ်ဖြင့် ထိန်းထားရသည် မဟုတ်လား)

**(၄) အနုစားမျူကလီးယားအား** ဆိုသည်ကတော့ **မျူကလီးယပ်**ကို မတည်မငြိမ်ဖြစ်အောင် အပိုင်းအစများဖြာထွက်လွင့်စင်နေအောင် ဖြိုခွဲနေသောအား ဖြစ်၏။

ထိုအားကြောင့် **ရေဒီယိုသတ္တိကြွမှု** (Radioactivity) ဖြစ်လာရပါသည်။

(ကျွန်တော်ကတော့ လူ့နှလုံးသားတွင်ရှိသော ထိုအားကို **'ငါ' သတ္တိကြွမှု** (Egoactivity) ဟု အမည်ပေးလိုက်ပါသည်။ ကျွန်တော်တို့သည် ငါ. . . ငါ. . . ငါ. . . ဟူသော သတ္တိကြွမှုများဖြင့် မတည်မငြိမ် ပြိုကွဲနေကြသည်ဟု ကျွန်တော် ယူဆမိသောကြောင့်ဖြစ်၏)

*



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ် ရူပဗေဒ Superstring Theory သီအိုရီက ထို အား (၄)မျိုးစလုံးသည် "ကြိုးများ၏ တုန်ခါမှုပုံစံကွဲများသာဖြစ်သည်" ဟု တစ်ပေါင်းတစ်စည်း ရှင်းပြနိုင်ခဲ့ပြီဖြစ်၏။

ရေကို ဖွဲ့စည်းထားသော အခြေခံကြိုးမျှင်ကလေးများသည် တုန်ခါမှု ပြောင်းသွားသောအခါ 'ရေခဲ' ဖြစ်သွား၏။ နောက်ထပ် တုန်ခါမှုပြောင်းသွားသောအခါ 'ရေငွေ့' ဖြစ်သွား၏။ ကြိုးမျှင်ကလေးများ နောက်ထပ် တုန်ခါမှုပုံစံပြောင်းသောအခါ 'ရေ' ပြန်ဖြစ်သွားကြ၏။

တကယ်တော့. . . တစ်ခုတည်းသာ ဖြစ်ပါသည်။

❈

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က ကျွန်တော့်ကို မေးလာပါသည်။

"သေဖို့အတွက် ဘယ်လိုအသင့်ပြင်ဆင်ထားရမလဲ"

ကျွန်တော်က. . .

"အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်ကို နားလည်အောင်လုပ်"

ဟု ပြန်ဖြေလိုက်သည်။ သူက ထပ်၍ မေး၏။

"အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်ကို နားလည်အောင် ဘယ်လိုလုပ်ရမလဲ"

"သေဖို့အတွက် အသင့်ပြင်ဆင်ထားပေါ့"

ဟု ကျွန်တော် ပြန်ဖြေလိုက်ပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com


■ ၂၅ ■

လူသည် ပုံသွန်း၍ရသောရွှံ့မဟုတ်၊
စိုက်ယူရသောသစ်ပင်ဖြစ်သည်။

**Man is not clay to be moulded,**

**but the tree to be planted.**


**(Goethe)**

●

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄ ခုနှစ်တွင် သိပ္ပံပညာရှင်များက M.87 ဟု အမည်ပေးထားသော နဂါးငွေ့တန်းကြယ်စုထဲတွင် Black Hole ဟု ခေါ်သော အာကာသတွင်းနက်ကြီးတစ်ခုရှိသည့်အကြောင်း အတည်ပြုလိုက်ကြသည်။

အားလုံးအံ့သြတုန်လှုပ်သွားခဲ့ကြ၏။ အာကာသတွင်းနက်ကြီး Black Hole ဆိုသည်မှာ ဒဏ္ဍာရီပါ ယုံတမ်းစကားမဟုတ်တော့သည့်အကြောင်း အားလုံးလက်ခံရင်ခုန်ခဲ့ကြရပါသည်။

ယခင်တုန်းက နားလည်သတ်မှတ်ခဲ့ကြသော အဓိပ္ပာယ်အရ တွင်းနက်ကြီး (Black Hole) ဆိုသည်မှာ စကြဝဠာထဲရှိ နေရာတစ်နေရာဖြစ်ပြီး ထိုဧရိယာအတွင်းသို့ ဝင်ရောက်သွားမိသော သက်ရှိသက်မဲ့အရာ မှန်သမျှ အစရှာမရအောင် စုံးစုံးမြုပ်ပျောက်ကွယ်သွားစေသော တွင်းကြီးတစ်တွင်း ဖြစ်ပါသည်။

(ကျေးဇူးပြု၍ Black Hole ဆိုသည်ကို 'အပေါက်မည်းမည်းကြီး' ဟု ဘာသာမပြန်စေလိုပါ။ သင့်အနေဖြင့် ထိုသို့ပြောမှ လျှာအရသာပေါ်မည်ဟု ထင်လျှင်ကား ရှိပါစေ။ သို့သော်. . . လူကြားထဲတွင်တော့ ထိုသို့မခေါ်မိပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေက သင့်အပေါ် အထင်အမြင် မှားသွားနိုင်ပါသည်။)

နှောင်းပိုင်း သိပ္ပံပညာရှင်များကတော့ ထိုအပေါက်မည်းကြီး (ဝါ) မည်းမည်းအပေါက်ကြီး (ဝါ) အာကာသတွင်းနက်ကြီးအထဲ၌ ဆွဲအား (GRAVITY) အမြင့်မားဆုံး အနန္တအခြေအနေတွင်ရှိသောကြောင့် ထိုတွင်းနက်ကြီးထဲ ရောက်သွားသော အရာဝတ္ထုမှန်သမျှ ကြေမွကာ အစရှာမရ ပျောက်ကွယ်သွားခြင်းဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

(သင့်အနေဖြင့် အမြင်ကတ်နေသူများရှိပါက သူတို့ကို စကြဝဠာထဲ ညာခေါ်သွားပြီး Black Hole ထဲ တွန်းချလိုက်ဖို့ရန် ကျွန်တော် အကြံပေးချင်ပါသည်။)

နောက်ဆုံးပေါ် ခေတ်သစ်ရူပဗေဒ အယူအဆကမူ အာကာသတွင်းနက်ကြီး Black Hole နှင့် ပတ်သက်သောအမြင်ကို လုံးဝပြောင်းလဲပစ်လိုက်၏။

Black Hole သည် သူ့အထဲဝင်လာသမျှကို အစရှာမရအောင် ပျောက်ကွယ်သွားနိုင်သည့် မျက်လှည့်တွင်းနက်ကြီး မဟုတ်တော့ပါ။

ယင်းသည် ကျွန်တော်တို့ စကြဝဠာနှင့် အပြိုင်တည်ရှိနေသော 'တခြားစကြဝဠာ' နှစ်ခုအကြား ဆက်သွယ်ပေးထားသော တံတား၏ ဝင်ပေါက်ဖြစ်ပါသည်။

(ပုံထဲတွင် စကြဝဠာနှစ်ခုကို ဆက်သွယ်ပေးထားသည့်တံတားကို The Einstein-Rosen Bridge ဟု အမည်ပေးထားသည်ကို တွေ့ရမည်ဖြစ်၏။)

ထိုသို့ဆိုလျှင်

တွေးစရာတစ်ခုပေါ်လာပါသည်။

Black Hole ထဲသို့ ကျသွားသော သက်ရှိသက်မဲ့များသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားခြင်းမဟုတ်ဘဲ ဟိုဖက်စကြဝဠာက ပြန်ထွက်မလာနိုင်ဘူးလား?

ဟူသည် အတွေးဖြစ်၏။

သိပ္ပံပညာရှင်များက အလေးအနက် စဉ်းစားခဲ့ကြပါသည်။

ကျွန်တော်တို့က သည်ဖက်စကြဝဠာ၏ Black Hole ထဲ ဝင်သွားပြီး တံတားကို ဖြတ်သန်းသွားလျှင် ဟိုဖက်စကြဝဠာကို ရောက်သွားနိုင်ပါသည်။

သို့ရာတွင် ပြဿနာက တစ်ခုရှိသည်။

တံတား၏ အလယ်ဗဟိုချက်နေရာတွင် ဆွဲအားက အနိုင်းမဲ့ မြင့်မားလှသောကြောင့် ထိုဆွဲအား၏ သက်ရောက်ခြင်းကို ခံရပါက ကြေမွပြီး အစပျောက်သွားမည်မှာ သေချာပါသည်။

တစ်ဖက်သို့ ဖြတ်ကူးဖို့ရန်မလွယ်ပါ။

ရူပဗေဒပညာရှင် Roy P.Kess က ထိုပြဿနာအတွက် အဖြေရှာပြခဲ့ပါသည်။

ထိုအဖြေမှာ. . .

ဆွဲငင်အားသက်ရောက်ရာလမ်းကြောင်းဝန်ရိုး၏ ထောင့်မတ်ကျ ၉၀ ဒီဂရီ အနေအထားဖြင့်သာ ဝင်ရောက်သွားနိုင်ပါက ဆွဲငင်အား၏ သက်ရောက်မှုကို မခံရဘဲ တစ်ဖက်စကြဝဠာဆီရောက်သည်အထိ လွတ်မြောက်သွားနိုင်သည်ဟု ဆို၏။

သည်နေရာတွင် ကျွန်တော် စဉ်းစားမိသောအတွေးက '၉၀ ဒီဂရီ ထောင့်မတ်ကျအနေအထား' ဖြစ်သည်။

ထိုအနေအထားအတိုင်း မတိမ်းမစောင်းတည့်တည့်ဝင်ရောက်သွားနိုင်ပါက 'လွတ်မြောက်' မည်။

**ကြောင်နှစ်ကောင်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



အနေအထား အနည်းငယ်တိမ်းစောင်းသွားသည်နှင့်တစ်ပြိုင်နက် ဆွဲငင်အား၏ ဖိချခြင်းကို ခံရပြီး အစပျောက်သွားမည်ဖြစ်ပါသည်။

"ကျွန်တော်တို့ နေ့စဉ် ရင်ဆိုင်ဖြတ်သန်းနေရသော လူ့ဘဝမှာလည်း တွင်းနက် (Black Hole) ကြီးတွေ ရှိတာပဲမဟုတ်လား"

ဟု ကျွန်တော် မေးကြည့်ချင်ပါသည်။

ကျော်ကြားမှုများ၊ ငွေကြေးပိုင်ဆိုင်မှုများ၊ အသိုင်းအဝန်းများသည် ဆွဲငင်အားကြီးမားပြင်းထန်သော လူ့လောကတွင်းနက်ကြီးများ ဖြစ်ကြ၏။

ကျွန်တော်တို့ ဘယ်လိုဖြတ်သန်းကြမှာလဲ?

ကျွန်တော်တို့၏ အနေအထားကို ပြန်စဉ်းစားသုံးသပ်ဖို့လိုပြီဟု ထင်ပါသည်။

အနေအထားမှန်လျှင် လွတ်မြောက်မည်။

အနေအထားအနည်းငယ်တိမ်းစောင်းသွားသည်နှင့် တစ်ပြိုင်နက် ထိုဆွဲငင်အား၏ ဖိချမှုအောက်တွင် စိစိညက်ညက်ကြေသွားမည်ဖြစ်၏။

လူ့လောကဆိုသည်မှာ Black Hole တစ်ခု ဖြစ်ပါသည်။

✻✻✻



www.burmeseclassic.com

www.burmeseclassic.com

■ ၂၆ ■

သစ်ပင်



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက သိပ္ပံပညာရှင်များက စမ်းသပ်မှုတစ်ခု ပြုလုပ်ကြသည်။

"တစ်နှစ်လျှင် သစ်ပင်တစ်ပင်၌ သစ်ရွက်မည်မျှရှိသနည်း"

ဟူသည့် ပြဿနာကို ဖြေရှင်းရန်အတွက် ဖြစ်၏။

အရင်ဦးစွာ သစ်ပင်တွင် ထွက်လာသော ရွက်နုများကို လိုက်ရေသည်။ ရွက်နုအရေအတွက် ငါးသိန်း (၅၀၀,၀၀၀) ရ၏။

သိပ္ပံနည်းကျ စစ်ဆေးစမ်းသပ်ရာမှ ရလာသောအဖြေဖြစ်သည်ဟုဆိုကာ လက်ခံမှတ်တမ်းတင်ထားလိုက်ကြ၏။

နောက်. . . အဖွဲ့တစ်ဖွဲ့က တစ်နှစ်ပတ်လုံး ထိုသစ်ပင်မှ ကြွေကျသော သစ်ရွက်များကို ကောက်ယူစုဆောင်းကာ ရေတွက်ကြည့်ကြသည်။

သစ်ရွက်ပေါင်း နှစ်ဆယ့်သုံးသိန်း (၂,၃၀၀,၀၀၀) ရ၏။

ထိုအဖြေကိုလည်း သိပ္ပံနည်းကျ စမ်းသပ်ထားသောအဖြေအဖြစ် လက်ခံလိုက်ကြပြန်သည်။

တစ်ခါတစ်ရံတွင် သိပ္ပံနည်းကျ စမ်းသပ်ချက်ဆိုသော ကိန်းများသည် အတော်အူကြောင်ကြောင်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော် ပြောပြချင်သောအချက်မှာ လူ့'စိတ်' ကို စနစ်တကျ စမ်းသပ်ချဉ်းကပ်ခြင်းအကြောင်းဖြစ်၏။

စိတ္တဗေဒ (Pschology) ဆိုင်ရာ မေးခွန်းများဖြင့် လူတစ်ယောက်၏ အခြေခံစိတ်နေစိတ်ထားကို ပေါ်လွင်အောင် စူးစမ်း၍ ရနိုင်ပါသလား။

ချစ်သူက ကျွန်တော့်ကို မေးခွန်း (၄) ခု မေးဖူးပါသည်။

ပထမမေးခွန်းမှာ. . .

(၁) သင်. . . မည်သည့်တိရစ္ဆာန်ကို အနှစ်ခြိုက်ဆုံးဖြစ်သနည်း?

(နှစ်ခြိုက်သဘောကျရသည့်အကြောင်းပြချက်နှင့်တကွ ဖြေဆိုရန်)

ဒုတိယမေးခွန်းမှာ. . .

(၂) သင် သွားနေသောခရီးလမ်း၌ အလွန်မြင့်မားကျယ်ပြန့်ပြီး ဖောက်ထွင်းရန် မဖြစ်နိုင်လောက်အောင် ထူထဲခိုင်မာသည့် ကျောက်နံရံကြီးတစ်ခု ကာဆီးနေပါက ဘာလုပ်မည်နည်း?

တတိယမေးခွန်းမှာ. . .

(၃) သာယာလှပပြီး ပျော်ရွှင်ဖွယ်ကောင်းသည့် ပင်လယ်ကမ်းစပ်ကို ရောက်သွားလျှင် သင် ဘာလုပ်မည်နည်း?

စတုတ္ထမေးခွန်းမှာ. . .

(၄) သင် အိပ်ယာဝင်ခါနီးတွင် အလွန်အရသာရှိသော နို့တစ်ခွက် (သို့မဟုတ်) သစ်သီးဖျော်ရည်တစ်ခွက်ကို သောက်ရပါက သင် ဘာလုပ်မည်နည်း?

ကျွန်တော်က သူမကို

"မင်းကိုယ်တိုင်ပဲ အရင်ဖြေကြည့်ပါဦး"

ဟု ပြောလိုက်သည်။ သူမက. . .



www.burmeseclassic.com

www.burmeseclassic.com



(၁) ပထမမေးခွန်းအတွက် အဖြေကို

'မြင်း'. . . ဟုပြောသည်။ အကြောင်းပြချက်က 'လှလို့' ဟု ဆိုပါသည်။

(၂) ဒုတိယမေးခွန်းအတွက် အဖြေကို သူမက

'ထိုင်နေမယ်' . . . ဟု ဖြေပါသည်။

(၃) တတိယမေးခွန်းအတွက်တော့

'သူများတွေ ပျော်ပျော်ရွှင်ရွှင် ကစားနေတာ ရေကူးနေတာ

ကို ထိုင်ကြည့်ပြီး ပန်းချီဆွဲချင်တယ်' ဟု သူမက ဖြေပါသည်။

(၄) စတုတ္ထမေးခွန်းအတွက်တော့

'သောက်ပြီးလျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ပစ်လိုက်မယ်'

ဟု သူမက ဖြေ၏။

ထိုအဖြေများသည် သူမ၏ စိတ်နေသဘာဝကို ထင်ဟပ်နေသော အတွင်းစိတ်၏ ပုံရိပ်များဟု ဆိုပါသည်။

သင်ကော. . . ?

ဖြေဆိုကြည့်ပါလား. . . ဟု တိုက်တွန်းချင်ပါသည်။

(ထိုအဖြေများက သင့်စိတ်ကို မည်သို့ ထင်ဟပ်သနည်းဆိုသည့် ပြန်လှန်သုံးသပ်ချက်ကိုတော့ နောက်အခန်းတစ်ခန်းတွင် ဖော်ပြထားပါမည်။)

❋ ❋ ❋




www.burmeseclassic.com

www.burmeseclassic.com



" ၂၇ "

စက်ဘီး



ပုံ

ဆိုင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ဖလားဝါး' ဆိုသည့် ဝေါဟာရကို သင် သိပါသလား။

ကျွန်တော် ပြောလိုသော ဖလားဝါးဆိုသည်မှာ Flower (ပန်းပွင့်) ကို ဆိုလိုခြင်းမဟုတ်ပါ။

ကျွန်တော်တို့ရပ်ကွက်တစ်ဝိုက်ရှိ လက်ဖက်ရည်ဆိုင်များသို့ မနက်တိုင်း မနက်တိုင်း ငွေဖလားကြီးတစ်လုံးဖြင့် အလှူလိုက်ခံတတ်သော လူကြီးသုံးလေးဦး ရှိပါသည်။

သူတို့၏ တိုက်ပုံအင်္ကျီရင်ဘတ်ပေါ်တွင် လွန်ခဲ့သည့် သုံးနှစ်ခန့်က ဖျက်သိမ်းခဲ့ပြီးဖြစ်သော သာရေးနာရေးအဖွဲ့အစည်းတစ်ခု၏ တံဆိပ်ကို တပ်ထား၏။

သူတို့က ခပ်တည်တည်ဖြင့် အလှူခံသွားကြပြီး ထို ငွေ'ဖလား' ကြီးထဲ ရသမျှ ပိုက်ဆံကို 'ဝါး' လိုက်ကြသောကြောင့် ကျွန်တော်က သူတို့ကို 'ဖလားဝါး' ဟု အမည်ပေးထားခြင်းဖြစ်၏။

တစ်ခါတစ်ခါတွင်တော့ သူတို့ဖလားထဲသို့ ကျွန်တော်ကိုယ်တိုင် လိုလိုလားလား ပိုက်ဆံထည့်ဖြစ်သည်။ (ကျွန်တော့်ကိုယ် ကျွန်တော်ပင် အံ့ဩနေမိသေး၏။)

ကျွန်တော်တို့၏ ခံစားမှုဖြင့် တုံ့ပြန်ဘို့သည် ရံဖန်ရံခါ အလွန်ဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်ပါသည်။ တစ်ခါတစ်ခါတွင် စက်ဆုပ်စရာကောင်းသည့်ကိစ္စများ ကိုပင် လစ်လျူရှုတတ်၊ ခွင့်လွှတ်တတ်နိုင်စွမ်းရှိရုံမျှမက ကိုယ်ကိုယ်တိုင်ပင် မသိလိုက်ပဲ အားပေးကူညီနေမိသည်များ ရှိ၏။

တစ်ခါတစ်ခါတွင်တော့ ဘာမဟုတ်သောကိစ္စကလေးလောက်ကိုပင် နာကျည်းခံပြင်းစွာ တသသဖြစ်နေတတ်ပါသည်။

သူတို့က ဘာလဲ?

ကျွန်တော်တို့က ဘာလဲ?

တစ်ခါတုန်းက ကျွန်တော် ကဗျာတစ်ပုဒ် ရေးဖူးသည်။ ကဗျာတစ်ပုဒ်လုံးတွင် စာကြောင်းတစ်ကြောင်းသာပါသည်။ စက်ဘီးတစ်စင်း၏ အကြောင်းကို ရေးထားခြင်းဖြစ်၏။

ကဗျာက. . .

"ငါ့ကို နောက်ဘီးက သယ်ဆောင်နေတာပါ"

မင်းခိုက်စိုးစန်

ကဗျာက ဒါပဲဖြစ်သည်။

ကျွန်တော် ထပ်၍ပြောပါဦးမည်။

ထိုကဗျာသည် 'စက်ဘီးတစ်စင်း၏အကြောင်း' ဖြစ်၏။ နောက်ပြီး. . . ထိုကဗျာသည် 'လူ၏အကြောင်း' လည်း ဖြစ်ပါသည်။

သင်ကော. . .

သင့်ကို နောက်ဘီးက သယ်ဆောင်နေတာပဲမဟုတ်ဘူးလား။

* * *

ကြောင်နှစ်ကောင်စာအုပ်တိုက်


www.burmeseclassic.com

www.burmeseclassic.com



။ ၂၈ ။

# ဆပ်ပြာပူဖောင်း



ကြောင်နှစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



• စကြဝဠာကြီးသည် ဆပ်ပြာပူဖောင်းတစ်လုံးဖြစ်ပါသည်။ ထိုသဘောတရားကို ဆပ်ပြာပူဖောင်းသီဝရီ (Soap Bubble Theory) ဟု ခေါ်ကြရအောင်။

တစ်ဖန် စကြဝဠာကြီးသည် ကျယ်ပြန့်နေရာမှ ကျုံ့ဝင်သွားသည်။ ကျုံ့ဝင်နေရာမှ ကျယ်ပြန့်ထွက်လာသည်ဟူသော ယေဘုယျ ရီလက်တစ်ဗီတီ သီဝရီဖြစ်သည့်အတွက် ကမ္ဘာကျော် BIG BAND သီအိုရီကို အခြေခံထားခြင်းဖြစ်ပါသည်။

ယခု . . . ကျွန်တော်တို့၏ စကြဝဠာတွင် ဒိုင်မင်းရှင်း (Dimension) ၄-ခုသာ ရှိသည်။

(၁) အလျား

(၂) အနံ

(၃) ထု

(၄) အချိန်ကာလ ဟူသော အတိုင်းအတာ (ဒိုင်မင်းရှင်း) လေးဖက်ဖြစ်၏။

ခေတ်သစ်ရူပဗေဒပညာရှင်များ၏ အဆိုအရ အစတုန်းက ကျွန်တော်တို့၏ စကြဝဠာကြီးတွင် ဒိုင်မင်းရှင်း (Dimension) ၁၀-ခု ရှိသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . . စကြဝဠာကြီးသည် မြန်းခနဲ ပြိုပျက်သွားပြီး (ကျွန်တော်တို့လက်ရှိနေထိုင်နေသော) ဒိုင်မင်းရှင်း ၄-ခုသာ ကျန်ရှိတော့သည်။ စကြဝဠာညီမလေး (Sister Universe) အဖြစ်သို့ လျော့ကျ သွားသည်ဟုဆို၏။

သိပ္ပံပညာရှင်များက ထိုအဖြစ်ကို ဆပ်ပြာပူဖောင်းနှင့် ဥပမာပေးကြသည်။

ဆပ်ပြာပူဖောင်းသည် အပြည့်ဝအဖောင်းကားဆုံး အကြီးမားဆုံး အခြေအနေတစ်ရပ်တွင် ကြာရှည်မရပ်တည်နိုင်။

ပေါက်ကွဲပြီး အစအနကလေးများအဖြစ်သို့ လျော့ကျသွားရစမြဲ ဖြစ်သည်ဟု ဆိုကြပါသည်။

ရိုးရိုးသားသားဝန်ခံရလျှင် ကျွန်တော် တုန်လှုပ်သွားမိပါသည်။

စကြဝဠာကြီးတစ်ခုလုံးသည်ပင်လျှင် ဆပ်ပြာပူဖောင်းဖြစ်နေသည်ဆိုပါလျှင်. . .

'လူ' ဆိုသည်ကကော. . .

ဘယ်လောက်များ တည်တံ့ခိုင်မာမှာမို့လို့လဲ?

ကိုယ့်ခန္ဓာကိုယ်ထဲကိုယ် အတ္တတွေ ပြန်ပြန်မှုတ်သွင်းနေကြသော လူများစွာကို ကျွန်တော် တွေ့ဖူးပါသည်။

သူတို့ကကော အပြည့်ဝ အဖောင်းကားဆုံး အနေအထားမှာ ဘယ်လောက်ကြာကြာ နေနိုင်မှာမို့လို့လဲ?

ကျွန်တော်တို့အားလုံးသည် ဆပ်ပြာပူဖောင်းများ ဖြစ်ကြပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



" ၂၉ "

အဖြေ





www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇) တွင် ရေးခဲ့သောမေးခွန်းများအတွက် အဖြေဖြစ်ပါသည်။

(၁) ပထမမေးခွန်းအတွက် အဖြေသည်

'(သင့်အနေဖြင့်) သင့်ပတ်ဝန်းကျင်မှ လူများက သင့်အပေါ် မြင်စေချင်သော သင်၏ လိုအင်ဆန္ဒကို ဖော်ပြသည်' ဟု ဆို၏။

ဥပမာအားဖြင့်. . . ကျွန်တော့်ချစ်သူသည် သူမကို တခြားသူများက 'လှသည်' ဟု မြင်စေချင်သော စိတ်နေစိတ်ထားရှိသူ ဖြစ်ပါသည်။

(၂) ဒုတိယမေးခွန်းအတွက် အဖြေသည်

'သေခြင်းတရားကို ဘယ်လိုရင်ဆိုင်မည်. . . ဟူသော သင့်စိတ်နေသဘာဝကို ဖော်ပြသည်' ဟု ဆို၏။

ဥပမာအားဖြင့် . . . ကျွန်တော့်ချစ်သူသည် သေခြင်းတရားကို (ဘာမှမတတ်နိုင်မည့်အတူတူ) အေးအေးဆေးဆေး လက်ခံရင်ဆိုင်သွားမည့်သူဖြစ်ပါသည်။

(၃) တတိယမေးခွန်းအတွက် အဖြေသည်



www.burmeseclassic.com

www.burmeseclassic.com



'လူ့ဘဝထဲမှာ သင် ဘယ်လိုပါဝင်နေသလဲ' ဟူသည့် စိတ်နေစိတ်ထားကို ဖော်ပြ၏။

ဥပမာအားဖြင့် ကျွန်တော့်ချစ်သူသည် ဘဝထဲတွင် ကိုယ်တိုင်လှုပ်ရှား ပါဝင် ပျော်ရွှင်နေလိုစိတ် မထက်သန်ဘဲ သူများတွေ ပျော်ရွှင်နေသည်ကိုသာ ငေးကြည့်နေလိုသူဖြစ်၏။

(၄) စတုတ္ထမေးခွန်းအတွက် အဖြေသည်

'လိင်ခံစားမှုအပေါ် သင် မည်သို့သဘောထားသနည်း' ဟူသည့် စိတ်နေသဘာဝကို ပြ၏။

သင့်အဖြေများ မည်သို့ရှိမည်ကို ကျွန်တော် သိချင်ပါသည်။

ကျွန်တော်ကတော့. . .

(၁) တီကောင်

- မြေကြီးကို စားသည်။ မြေဩဇာကောင်းများကို ပြန်အန ထုတ်သည်။

**(လူက ကမ္ဘာမြေပေါ်မှ အကောင်းဆုံး မှန်သမျှကိုစားပြီး အညစ်အကြေးကိုသာ ပြန်စွန့်ထုတ်သည်)**

ကမ္ဘာမြေအတွက်ဆိုလျှင် တီကောင်က လူထက်ပိုပြီး တာဝန်ကျေသည်ဟု ကျွန်တော် ထင်ပါသည်။

(၂) ထိုနံရံပေါ်တွင် ကာတွန်းရုပ်ပြောင်များ လျှောက်ရေးခြစ်နေမည်။

နောက်တီးနောက်တောက် စာသားများ၊ ပေါက်ကရအတွေး များကို လျှောက်ရေးနေမည်။

(၃) ပင်လယ်ထဲ ပျော်ရွှင်စွာ ရေကူးနေကြသောလူများကိုကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း. . .

"ရေကူးရင်း အပေါ်စွန့်လျှင် သေဒဏ်ဟု တားမြစ်လိုက်ပါ

က ဒီလူတွေ အတော်ကသိကအောက်ဖြစ်ကုန်တော့မှာပဲ"

ဟု တွေးနေမည်။

သူမက "နောက်ဆုံးမေးခွန်းအတွက် အဖြေကော" ဟု ဆက်မေး၏။ ကျွန်တော်က. . .

"အိပ်ယာဝင်ခါနီး သောက်ရတဲ့ ဖျော်ရည်က သိပ်ကောင်းနေရင် 'ဒီ ဖျော်ရည်ကို တီဗီကကြော်ငြာပြီး ရောင်းလိုက်ရရင် အတော်စီးပွားဖြစ်မှာပဲ. . .' လို့ စဉ်းစားနေမှာပေါ့"

ကျွန်တော့်အဖြေကြောင့် သူမ လန့်သွားပါသည်။ နောက်. . . သူမကို ဘယ်တော့မှ ပြန်မတွေ့ရတော့ပါ။

ကျွန်တော်တို့ ချစ်သူချင်း ဝေးခဲ့ရပြီး ဖြစ်သည့်တိုင် သူမကို လွမ်းရမည်မှာ ကျွန်တော့်အတွက် အတော်ကသိကအောက်နိုင်လှပါသည်။

သူမလည်း ဒီလိုပဲ ခံစားနေရမည်ဟု ထင်သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com


။ ၃၀ ။

မျှော်လင့်ခြင်းသည် ကံဆိုးမှုကို စွန့်ခွာရန်အတွက်
နောက်ဆုံးအရာပင်ဖြစ်သည်။

**Hope is the last thing to abandon the unfortunate.**

**(Italian Proverb)**

www.burmeseclassic.com

www.burmeseclassic.com



'ကံဆိုးမှု' ဆိုတာ ဘယ်လိုအရာမျိုးပါလိမ့်. . . ဟု ကျွန်တော် တွေးကြည့်မိပါသည်။

စကြဝဠာထဲတွင် DARK MATTER ဟု ခေါ်သောအရာများရှိသည့်အကြောင်း သင် ကြားဖူးပါသလား။

(DARK MATTER ဆိုသည့် ဝေါဟာရကို သင့်အနေဖြင့် 'မည်းမည်းဟာကြီး' ဟု ဘာသာပြန်မည်ဆိုပါက ကျွန်တော် ကန့်ကွက်လိမ့်မည်မဟုတ်ပါ။ ခေတ်သစ်ရူပဗေဒတွင် Hot Dark Matter ဟူ၍ လည်းကောင်း၊ Cold Dark Matter ဟူ၍ လည်းကောင်း၊ အခေါ်အဝေါ်များ ပါရှိလာဦးမည်ဖြစ်ရာ သင့်အနေဖြင့်. . .

- 'ပူပူမည်းမည်းဟာကြီး' နှင့်

- 'အေးစက်စက်မည်းမည်းဟာကြီး' ဟု ဆက်လက်ဘာသာပြန်ဆို ခေါ်ဝေါ်နိုင်ပါသည်။

ယခင်တုန်းက ရူပဗေဒပညာရှင်များအနေဖြင့် စကြဝဠာထဲတွင် တွေ့ရသမျှ ဒြပ်စင်၊ ဒြပ်ပေါင်းများသည် ကမ္ဘာမြေပြင်ပေါ်တွင်ရှိသော ဓာတုဗွန်း ယူရေ



www.burmeseclassic.com

www.burmeseclassic.com



နီယမ်၊ ဖော့စဖောရပ်စ် အစရှိသည့် (ကျွန်တော်တို့ သိကျွမ်းရင်းနှီးပြီးသား) အရာဝတ္ထုများသာဖြစ်ပြီး အသစ်အဆန်းမတွေ့ရဟု ယူဆထားခဲ့၏။

ယို့ရာတွင် ခေတ်သစ်ရူပဗေဒပညာရှင်များကမူ စကြဝဠာထဲတွင်

"အလေးချိန်ရှိသည်မှလွဲ၍ အလျား၊ အနံ၊ ထုထည်လည်း မရှိ မြင်လည်း မမြင်ရသော အရာဝတ္ထုများရှိသည်" ဟု ယူဆလာကြသည်။

ထိုအရာဝတ္ထုများကို သူတို့က Dark Matter ဟု အမည်ပေးထားကြပါသည်။

ထို Dark Matter များသည် စကြဝဠာထဲရှိ အခြားမည်သည့်အရာနှင့်မှ အသွင်မတူသော ထူးခြားဆန်းကြယ်သည့် မတ္တာပုံသဏ္ဌာန်တစ်ခုဖြစ်၏။

မှုရင်းသဘောအရဆိုလျှင် နဂါးငွေ့တန်း (Galaxy) များ၏ ဆွဲငင်အားသည် ပြန့်ကားခြင်း နှေးကွေးလာမည်။ နောက်. . . ပြောင်းပြန်ဖြစ်သွားမည်။ ထိုအဖြစ်သည် စကြဝဠာကြီးကို ပြိုကွဲချုပ်ငြိမ်းသွားစေမည့်ကိစ္စဖြစ်၏။

နက္ခတ္တဗေဒပညာရှင်များက စကြဝဠာအတွင်းတွင် မြင်နေရသော အရာဝတ္ထုမတ္တာများ အားလုံးစုစုပေါင်း၏ ပမာဏကို တွက်ချက်ကြည့်သောအခါ ကြယ်များနှင့် နဂါးငွေ့တန်းများတွင် (မျက်စိဖြင့် မြင်ရသော) အရာရာတိုင်း ပေါင်းလိုက်လျှင်တောင်မှ စကြဝဠာကြီး ပြိုကွဲပျက်စီးသွားစေနိုင်လောက်သော အင်အားမရှိသေးကြောင်း တွေ့ရသည်။

ထိုသို့ဆိုလျှင် မမြင်ရသောဝတ္ထုများ (Missing Mass) ရှိနေရဦးမည်ဟု တွက်ဆလာကြသည်။ ရှာဖွေလာကြသည်။

ထိုအရာများသည်များပင် Dark Matter ဖြစ်ပါသည်။

ကျွန်တော်ကတော့ လူ့ဘဝတွင် ရှိသည့် 'ကံဆိုးမှု' ဆိုသောအရာကို



www.burmeseclassic.com

www.burmeseclassic.com



စကြဝဠာထဲရှိ Dark Matter များနှင့် နှိုင်းယှဉ်စဉ်းစားကြည့်နေမိသည်။

'ကံဆိုးမှု' ဆိုသည်မှာလည်း Dark Matter များကဲ့သို့ပင်. . . အကောင်အထည်မရှိ၊ မမြင်ရသည့်တိုင် ကျွန်တော်တို့အပေါ်သို့ အလေးချိန်သက်ရောက်စေသောအရာများ မဟုတ်ပါလား။

သို့သော် ထိုဆိုးရွားမှုကိုပင် လက်ခံနိုင်စရာ အကောင်းဖက်မှ မြင်ကြည့်ပါရစေ။

Dark Matter များသည် စကြဝဠာတစ်ခုအကြောင်း လုံလောက်စွာ ပျက်စီးစေဖို့ ဟန်ချက်ညီအောင် ထိန်းညှိပေးထားသောအရာများ မဟုတ်လား. . . ဟု ထပ်မေးကြည့်ချင်ပါသည်။

ပျက်စီးချိန်တန်လာလျှင် ကျွန်တော်တို့အားလုံးသည် အကြောင်း လုံလောက်သင့်လျော်စွာ ပျက်စီးလိုက်ကြရုံသာရှိ၏။ ထိုကိစ္စသည် ကောင်းသောကိစ္စ၊ ကျေကျေနပ်နပ် လက်ခံရမည့်ကိစ္စဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။

သည်အတွက် Dark Matter (ကံဆိုးမှု)တွေ ရှိပေးနေခြင်းသည် မကောင်းဘူးလား. . . သင် စဉ်းစားကြည့်စေချင်ပါသည်။

သင့်ကို အဖြစ်အပျက်တစ်ခု ပြောပြချင်ပါသေးသည်။

ဆေးရုံတစ်ရုံတွင် လူနာများ၊ ဆရာဝန်များ၊ သူနာပြုများ ရင်းနှီးပျော်ရွှင်စွာ စုဝေးပြီး ခရစ်စမတ်ညပျော်ရွှင်ပွဲတစ်ခု ကျင်းပကြသည်။

မဲဖောက်ပြီး လက်ဆောင်တွေ ဝေငှကြသည်။ လက်ဆောင်ထဲတွင် ချိုင်းထောက်နှစ်ချောင်း (တစ်စုံ) ပါလာ၏။ မဲဖောက်သောအခါ ချိုင်းထောက်တစ်ချောင်းကို လူနာများထဲမှ မိန်းမကြီးတစ်ယောက်ရပြီး ကျန်ချိုင်းထောက်တစ်ချောင်းကိုမူ. . .



www.burmeseclassic.com

www.burmeseclassic.com



၁၆ နှစ်အရွယ် လူနာမိန်းကလေးတစ်ယောက်က ရသည်။

ချိုင်းထောက်မဲပေါက်သော မိန်းမကြီးက ချူးပွဲချင်၏။ ဆရာဝန်ကြီးက ထိုမိန်းမကြီးအနီးသို့ သွားပြီး အကျိုးအကြောင်းမေးကြည့်သောအခါ သူမက. . .

"ကျွန်မကိုက ကံဆိုးလွန်းလို့ပါ ဆရာရယ်၊ နေမကောင်းလို့ ဆေးရုံ တက်နေရတဲ့အထဲ. . . အခု မဲပေါက်တာက ချိုင်းထောက်ဆိုတော့ နိမိတ်မကောင်းဘူးပေါ့၊ ကျွန်မမှာ ဒုက္ခိတဖြစ်ဖို့ ကံပါတယ်ထင်ပါရဲ့"

ဆရာဝန်ကြီးက နောက်ထပ်ချိုင်းထောက်တစ်ချောင်း မဲပေါက်သော ကလေးမလေးဆီသို့ သွားသည်။

ကောင်မလေးက ချိုင်းထောက်ကို ရင်ခွင်ထဲမှာ မြတ်မြတ်နိုးနိုး ပွေ့ထား၏။ ဆရာဝန်ကြီးက. . .

"သမီး ဒီချိုင်းထောက်လက်ဆောင်ရတော့ ဘယ်လိုခံစားရသလဲ"

"ကျွန်မ ဒီချိုင်းထောက်လေးကိုကြည့်ပြီး စဉ်းစားမိတယ် ဆရာကြီး၊ ကျွန်မမှာ ရောဂါဖြစ်လို့ ဆေးရုံတက်နေရပေမယ့် ငါ့မှာ ခြေလက်အစုံတော့ အကောင်းပကတိရှိနေသေးသားပဲ၊ ဒီလို ချိုင်းထောက်သုံးရလောက်အောင် အခြေအနေမှ မဆိုးသေးတာ အများကြီးတော်သေးတာပေါ့. . . တွေးပြီး စိတ်အားတက်လာတယ်၊ အဲဒီစိတ်ဓာတ်ကို အမြဲ အမှတ်ရနေအောင် ဒီချိုင်းထောက်ကလေးကို ကျွန်မ မြင်သာမယ့်နေရာမှာ ထားမှာပါ ဆရာကြီး"

ထိုလူနာနှစ်ယောက်၏ အဖြေကိုကြည့်ပြီး 'ကံဆိုးမှု' ဆိုသော အရာကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်မည့် ရှုဒေါင့်တစ်ခု တွေ့လာရသည်ဟု ထင်ပါသည်။

သည်နေရာတွင် ကျွန်တော့်အနေဖြင့် လောင်းကစားသမားများကို အားကျမိကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံလိုပါသည်။

လောင်းကစားသမားများသည် 'ကံဆိုးမှု' အပေါ်မှ အရာကို ကျကျနန



www.burmeseclassic.com

www.burmeseclassic.com

ခံစားအမြတ်ထုတ်တတ်သူများ ဖြစ်ကြ၏။

ကျွန်တော်တို့အားလုံးသည် စကြဝဠာနှင့် ချီပြီး လောင်းကစားနေကြခြင်းဖြစ်ပါသည်။

***



www.burmeseclassic.com

www.burmeseclassic.com



## ။ ၂၁ ။

# ?



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကလေးဘဝတုန်းက စဉ်းစားကြည့်ခဲ့မိသော ပေါက်ကရ အတွေးတချို့ကို ပြောပြချင်ပါသေးသည်။

ဆေးပညာအထွေထွေဗဟုသုတအကြောင်း ဖော်ပြထားသည့် Digest စာစောင်တစ်ခုထဲတွင်

"မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်ကို ခွဲကြည့်လျှင် ဘာတွေ တွေ့ရမည်နည်း"

ဟူသည့် ခေါင်းစဉ်ဖြင့် ရေးထားသော ဆောင်းပါးတိုတစ်ခုကို ဖတ်ရ၏။ ထိုဆောင်းပါးအရဆိုလျှင်

မိန်းမတစ်ယောက်၏ ကိုယ်ခန္ဓာထဲတွင်

သကြား ၄ အောင်စ

ဆား ၂ အောင်စ

ထုံးခွတ် ၃ ပေါင် စသော သတ္တုခွတ်အချိုးအစားများကို ဖော်ပြထားပြီး စာရင်းအောက်ဆုံးနားတွင်



www.burmeseclassic.com

www.burmeseclassic.com



- ခြောက်လက်မ သံတစ်ချောင်း ပြုလုပ်နိုင်လောက်သော သံ (Iron) ဓာတ်နှင့်
- အမြောက်ဆံတစ်လုံး လုပ်နိုင်လောက်သော ဂလစ်စရင်း (Glycer ine) ဓာတ် တို့ ပါဝင်လေသည်. . . ဟု ရေးသားထား၏။

နောက်ဆုံးအချက်ကို ဖတ်ပြီး ကျွန်တော် အတော်သဘောကျ သွားသည်။

"စစ်ဖြစ်တဲ့အခါကျရင် မိန်းမတွေကို အမြောက်ထဲထည့်ပြီး ပစ်ရင် မကောင်းဘူးလား"

ဟု ကျွန်တော် တွေးကြည့်လိုက်၏။

(ကလေးတစ်ယောက်၏အတွေးသည် အနည်းငယ်ရယ်မောဖွယ် ဖြစ်သော်လည်း. . . မိန်းမများသည် အမြောက်ဆံများသာဖြစ်သည့် အကြောင်းတိုတော့ သင် သဘောတူလိမ့်မည်ထင်ပါသည်။)

နောက်. . . မှတ်မိနေသေးသည့်အတွေးတစ်ခုမှာ တိရစ္ဆာန်ရုံသို့ ပထမဦးဆုံး ရောက်ဖူးသည့်အရွယ်တွင် ဖြစ်ပါသည်။

ပုံပြင်များကို ညတိုင်းနီးပါး နားထောင်နေကျ ဖြစ်သောကြောင့် ခြင်္သေ့၊ ကျား၊ သမင်၊ ဆင်၊ မျောက် အစရှိသော ပုံပြင်ဇာတ်ကောင်များသည် ကျွန်တော့်ကို ရင်ခုန်စေ၏။

တောသုံးတောင်ကို ပိုင်စိုးသော တေသရာဇာ ခြင်္သေ့မင်းက ဟိန်းဟောက်လိုက်သည့်အခါ သမင်၊ ယုန်၊ ဒရယ် အစရှိသော သတ္တဝါများ ကြောက်လန့်တကြားပြေးလွှားပုန်းအောင်းကြသည့်အဖြစ်အပျက်ကလည်း (ပုံပြင်ထဲမှတစ်ဆင့်) ကျွန်တော့်အာရုံထဲတွင် စွဲမြဲထင်ကျန်နေပါသေးသည်။

တိရစ္ဆာန်ရုံထဲတွင် ခြင်္သေ့ဟောက်သည့်အသံကို ကျွန်တော် ကြိမ်ဖန်များ



www.burmeseclassic.com

www.burmeseclassic.com



စွာ ရပ်ပြီး နားထောင်ခဲ့၏။

နောက်. . . တိတ်တိတ်ကလေးကျိတ်ပြီး ကြေကွဲခဲ့၏။

တိရစ္ဆာန်ရုံထဲတွင်ဟောက်သော ခြင်္သေ့ဟောက်သံကြောင့်တော့ မည်သည့်သတ္တဝါမှ ဆော့ကစားမပျက်သည်ကို တွေ့ခဲ့ရသောကြောင့် ဖြစ်ပါသည်။

ဘာကြောင့်ပါလိမ့်. . . ဟု ကလေးတစ်ယောက်အနေဖြင့် နားမလည်နိုင်စွာ တွေးရင်း ဝမ်းနည်းခဲ့ရဖူးပါသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ကျောင်းအသွားလမ်းတွင် မာလကာသီး ဝယ်စားခြင်းဖြစ်၏။ ကျွန်တော် ငါးတန်းကျောင်းသားဘဝတွင် မာလကာသီးတစ်လုံးကို တစ်မတ် (၂၅ ပြား) သာ ပေးရပြီး အပင်ပေါ်တွင် သီးနေသည့်အသီးများထဲမှ ကိုယ်ကြိုက်ရာကို လက်ညှိုးထိုးပြီး ခူးခိုင်းနိုင်ပါသည်။

အဲသည်နေ့က ကျွန်တော့်အင်္ကျီအိတ်ထဲတွင် ပိုက်ဆံဆယ်ပြားသာ ပါ၏။ ကျွန်တော်က မာလကာခြံပိုင်ရှင် အဘိုးကြီးကို. . .

"အဘ. . . ကျွန်တော့်ကို မာလကာသီးတစ်လုံးပေးပါ"

အဘိုးကြီးက မင်းမှာ ပိုက်ဆံပါလို့လားကွ. . . ဟု မေးပါသည်။ (ကျွန်တော် ကျောင်းနေခဲ့သည့်တစ်လျှောက်လုံး မုန့်ဖိုးတစ်ပြားမှမရသည်ကို သူသိသည်။)

"တစ်လုံး တစ်မတ်၊ မင်းက ဘယ်အလုံးယူမှာလဲ"

"တစ်မတ်တော့မပါဘူး အဘ၊ ဆယ်ပြားပဲရှိတယ်"

အဘိုးကြီးက ပြုံးပြီး. . .

"ဆယ်ပြားနဲ့တော့ အလုံးကြီးကြီး မရဘူးကွ၊ ဟောဟိုက သေးသေးလေးပဲရမယ်"

သူက အကိုင်းဖျားနားရှိ အသီးကင်းကလေးတစ်လုံးကို လက်ညှိုးထိုးပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က. . .

"ရပါတယ်. . . အဲဒီအလုံးပဲယူမယ်၊ ဒါပေမယ့် အခုတော့ မခူးနဲ့ဦး အဘ၊ နောက်တစ်ပတ်လောက်နေမှ လာခူးမယ်"

အဘိုးကြီးက ကျွန်တော့်ကို ကောင်းစွာမောင်းထုတ်လိုက်ပါသည်။

ကျွန်တော် ဘာမှားလို့လဲဟု တွေးမိ၏။ ထိုအသီးကို ကျွန်တော်က ရွေးချယ်ခြင်းမဟုတ်ပါ။ သူကပင် လိုလိုလားလား ပေးခဲ့ခြင်းဖြစ်၏။ နောက်ပြီး. . . ကျွန်တော်က တစ်ပတ်ခန့် အချိန်စောင့်ရဦးမည်ဖြစ်ရာ နစ်နာစရာရှိလျှင် ကျွန်တော်ကပင် နစ်နာသေးသည်ဟု တွေးမိ၏။

ယခုအခါတွင် မာလကာသီး၏ အရသာကို ကျွန်တော် ပြန်မလွမ်းတော့သော်လည်း ထိုအတွေးစကလေးများကို ပြန်ပြန်တွေးရင်း ပြုံးဖြစ်နေပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



■ ၃၂ ■

ကလေးအတွေး. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောလိုသည်မှာ ကလေးတစ်ယောက်တွေးသော အတွေးများ၏ ရယ်မောဖွယ်ကောင်းပုံအကြောင်းဖြစ်၏။

လူကြီးတစ်ယောက်၏ အသိဉာဏ်နားဖြင့် (လူကြီးအတွေးဖြင့်) ကလေး အတွေးကို နားထောင်လိုက်သောအခါ ချွတ်ယွင်းမှုများ၊ လွဲချော်မှုများ၊ ကမောက်ကမ ဆင်ခြင်တုံတရားများနှင့် မိမိလိုအင်ကိုသာ ရှေ့တန်းတင်ထားသော စဉ်းစားမှုများကို တွေ့ရသည်။

နောက်ပြီး (ကလေးတစ်ယောက်က ပြောသောစကားဖြစ်နေသောကြောင့်) ခွင့်လွှတ်ပြီး ရယ်မောပစ်လိုက်သည်။

လူကြီးတစ်ယောက်အနေဖြင့် 'ကလေးအတွေး' ကို မြင်သည့် အမြင်က သည်လောက်ပင်ဖြစ်၏။

လူကြီးအတွေးကကော. . . ?

ဟု ကျွန်တော် မေးခွန်းထုတ်ကြည့်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


စကားမစပ်. . . ကျွန်တော့်မိတ်ဆွေတစ်ယောက် ပြောခဲ့ဖူးသောအကြောင်း အရာတစ်ခုကို ပြန်ပြောပြချင်ပါသေးသည်။

တစ်ခါက တောနက်ထဲတွင် လူရိုင်းတစ်ယောက်နှင့် ဥရောပတိုက်သား လူဖြူတစ်ယောက်တို့ ဆုံမိပြီး စကားပြောဖြစ်ကြသည်။ လူဖြူက လူရိုင်းကို နှိမ်ချင်သောကြောင့် မြေပြင်ပေါ်တွင် စက်ဝိုင်းသေးသေးတစ်ဝိုင်း၊ ကြီးကြီးတစ်ဝိုင်း ဆွဲပြ၏။ နောက်. . . စက်ဝိုင်းသေးသေးကလေးကို ညွှန်ပြပြီး. . .



"မင်းတို့သိတဲ့အသိက ဒီလောက်ပဲရှိတယ်"

ဟု ပြော၏။ ထို့နောက်. . . စက်ဝိုင်းအကြီးကို ညွှန်ပြပြီး



"ငါတို့ ဥရောပတိုက်သားလူဖြူတွေသိတာက အဲသည်လောက်ကြီးရှိတယ်"

ဟု ပြောလိုက်သည်။

လူရိုင်းက တိတ်တိတ်ဆိတ်ဆိတ်နေပြီး သဘောတူလိုက်၏။ ထို့နောက် တုတ်တစ်ချောင်းကိုယူပြီး မြေပြင်ပေါ်တွင် စောစောက စက်ဝိုင်းနှစ်ဝိုင်းထက်




www.burmeseclassic.com

www.burmeseclassic.com



အဆမတန် ပိုကြီးမားသော စက်ဝိုင်းကြီးတစ်ခုကို ဆွဲပြလိုက်သည်။



ထို့နောက်. . . လူရိုင်းက

"မင်းတို့ကော ငါတို့ပါ မသိသေးတာတွေက အဲသည်လောက် ရှိတယ်"

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စောစောက အစချီခဲ့သော 'ကလေးအတွေး' ကိစ္စကို ပြန်ဆက်ပါမည်။

လူကြီးတွေက 'ကလေးအတွေး' ကို အဆီအငေါ် မတည့်ဟုဆိုကာ ရယ်မောကြသည်။

လူကြီးအတွေးကကော?

စကြဝဠာထဲတွင် ကျွန်တော်တို့ လူသား (လူကြီး) များထက် အသိဉာဏ် ပိုဖွံ့ဖြိုးရင့်ကျက်သည့် သက်ရှိသတ္တဝါတစ်မျိုးမျိုး ရှိသည်ဆိုပါလျှင်. . . သူတို့က. . .

ကျွန်တော်တို့ လူသား (လူကြီး) များ ပြောဆိုနေကြသည့်စကားများကို နားထောင်ပြီး 'ကလေးအတွေး' ဟု ဆိုကာ ရယ်မောနေကြမလားမသိပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



။ ၃၃ ။

တလေး (၁) ။ ။ လူကြီးတွေဟာ တော်တော်ခက်တယ်ကွ။

တလေး (၂) ။ ။ ဘာဖြစ်လို့လဲ။

တလေး (၁) ။ ။ ကောင်းကင်မှာ ကြယ်အလုံးပေါင်း ၈၅၂, ၃၀၄ ၆၅၃, ၀၀၁ လုံးရှိတယ်လို့ပြောကြည့်။ လူတိုင်း ယုံတယ်။ အဲ . . . ဒါပေမယ့်။ ဒီထိုင်ခုံမှာ သုတ်ထားတဲ့ ဆေး မခြောက်သေးဘူး . . . လို့ ပြောကြည့်၊ ဘယ်သူမှ မယုံဘူး၊ လက်နဲ့ စမ်းကြည့်ကြမယ့် လူချည်းပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



■ ၃၄ ■

'ယုံကြည်မှု'ဆိုတာဘာလဲ ? လို့ ကျွန်တော်တို့ လူသမိုင်းတစ်လျှောက်လုံး ဆန်းစစ်ကြည့်ခဲ့ကြတာကြာပါပြီ။

တကယ်ဆိုရင် . . . ယုံကြည်မှု (Belief)ဆိုတာ လူ့ယဉ်ကျေးမှု၊ အတွေးအခေါ်အလုံးစုံကို ဦးဆောင်တယ်လို့တောင် ပြောလို့ရပါတယ်။

ကျွန်တော် ပုံပြင်လေးတစ်ခု ရေးခဲ့ဖူးပါတယ်။ တရုပ်ပုံပြင်လေး တစ်ပုဒ်ပါ။ ဒီလိုပါ . . .

မြို့တစ်မြို့မှာ . . .၊ မြို့လယ်ခေါင် ဈေးကြီးမှာ နာရီစင်တစ်ခု ရှိတယ်။ ပြီးတော့ မြို့စွန်မှာ မျှော်စင်တစ်ခုထားပြီး အဲ့ဒီမျှော်စင်မှာ အစောင့်တစ်ယောက်က နာရီကို သံချောင်းခေါက်ပြီး အချက်ပေးတယ်။

အဲဒီမြို့ကလူတွေဟာ လက်ပတ်နာရီလည်း မပတ်ကြဘူး၊ အိမ်မှာလည်း နာရီမဆောင်ကြဘူး။

သူတို့က မြို့လယ်ခေါင် နာရီစင်ကြီးနဲ့ မြို့စွန်က အစောင့်ရဲ့ သံချောင်းခေါက်သံကိုပဲ အကြွင်းမဲ့ယုံကြတယ်။ အဲဒီနာရီကြီးနှစ်လုံးရဲ့ အသံကိုနားထောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ပဲ အချိန်ကို အမှတ်အသားလုပ်ကြတယ်။ အချိန်းအချက်လုပ်ကြတယ်။ ကိစ္စဝိစ္စတွေကို စီစဉ်ကြတယ်။

အဲဒီနာရီကြီးနှစ်လုံးကလည်း ဘယ်တော့မှ လွဲတယ်လို့မရှိဘူး။ မြို့လယ်ခေါင်နာရီစင်ကြီးရဲ့ လက်တံအရှည်ဟာ 'ဆယ့်နှစ်' ဂဏန်းပေါ် တည့်တည့်ကိုရောက်တာနဲ့ မြို့စွန်ကအစောင့်ရဲ့သံချောင်းခေါက်သံ ထွက်လာတဲ့အချိန်ဟာ တစ်ပြိုင်တည်းပဲ။

မြို့လယ်ခေါင်က ဈေးနာရီစင်ကြီးကို စောင့်ရှောက်တဲ့သူနဲ့ မြို့စွန်မျှော်စင်ပေါ်က သံချောင်းခေါက်တဲ့အစောင့်ဟာ သိပ်ကိုတာဝန်ကျေတဲ့သူတွေပဲ . . . တဲ့။

အိပ်ငိုက်နေတာ . . . မေ့လျော့နေတာ . . . တာဝန်ပျက်ကွက်နေတာရယ်လို့ ဘယ်တုန်းကမှမရှိဘူး။ သူတို့ရဲ့နာရီတွေကိုလည်း အမြဲတမ်းတသသနဲ့ ထိန်းသိမ်းနေတာဆိုပဲ။

ဒါကြောင့်မို့ ထင်ပါရဲ့၊ နေ့တိုင်း . . . နေ့တိုင်း၊ နာရီတိုင်း နာရီတိုင်းမှာ မြို့လယ်ခေါင်က နာရီကြီးနဲ့ မြို့စွန်က သံချောင်းခေါက်သံဟာ အမြဲတမ်း တစ်ထပ်တည်း ကိုက်ညီနေတာပေါ့။

မြို့လယ်က နာရီစင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်သူနဲ့ မြို့စွန်က အစောင့်ဟာ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခြင်း၊ မြင်ဖူးခြင်းလည်း မရှိကြဘူး။

သူတို့က အမြဲတမ်း ၂၄ နာရီ ဂျူတီဆိုတော့ လူချင်းဘယ်ဆုံ ဖြစ်ပါ့မလဲ။

ဒါပေမယ့် . . . တစ်နေ့မှာတော့၊ မြို့လယ်ခေါင်က နာရီစင်ကြီးကို စောင့်ရှောက်နေတဲ့သူဟာ အပြင်းအထန်နေမကောင်းဖြစ်ပြီး အိပ်ရာထဲ လဲနေတယ် . . . လို့ သတင်းထွက်လာတယ်။

ဒါကြောင့် . . . မြို့စွန်က အစောင့်ဟာ သိပ်ကိုစိုးရိမ်သွားပြီး လူမမာ



www.burmeseclassic.com

www.burmeseclassic.com



သတင်းသွားမေးဖို့ ဆုံးဖြတ်လိုက်တယ်။

သူရောက်သွားတဲ့အချိန်မှာတော့ မြို့လယ်နာရီစင်ကို စောင့်ရှောက်သူဟာ အိပ်ယာထဲမှာ ပက်လက်။

မြို့စွန်က အစောင့်က အားပေးစကားပြောတယ်။

"ခင်ဗျား မြန်မြန်နေကောင်းအောင်သာကြိုးစားပါဗျာ။ ခင်ဗျားဟာ ကျွန်တော်တို့မြို့မှာ မရှိမဖြစ်တဲ့လူပဲ။ တစ်မြို့လုံးက ခင်ဗျားရဲ့ နာရီကြီးကို ကြည့်ပြီး အလုပ်လုပ်နေရတာ"

အဲ့ဒီတော့ . . . ဟိုလူက ပြန်ပြောတယ်။

"ဘယ်ဟုတ်မလဲဗျာ. . .။ ခင်ဗျားကသာ ဒီမြို့မှာအရေးအကြီးဆုံးလူပါ။ ခင်ဗျားရဲ့ နာရီသံချောင်းခေါက်သံကြောင့်သာ အားလုံးဟာ အချိန်မှန်ကို သိနေရတာဗျ။ ကဲ . . . ကဲ ကျွန်တော့်ကို လာကြည့်နေရလို့ ခင်ဗျားအလုပ် ပျက်နေပါဦးမယ်။ ပြန်ပါ . . . ပြန်ပါ။ ကျွန်တော်က အရေးမကြီးပါဘူး"

ဒါနဲ့ . . .၊ မြို့စွန်က အစောင့်ဟာ သူမျှော်စင်ရှိရာဆီ ပြန်လာတယ်။ လမ်းတစ်လျှောက်လုံးမှာလည်း စဉ်းစားလာသတဲ့။

"ငါ့နာရီကို မနက်တိုင်း မနက်တိုင်း သူ့နာရီစင်က အချိန်နဲ့ လာတိုက်ထားတယ်ဆိုတာသာသိရင် သူဒီလိုပြောမှာမဟုတ်ဘူး"

အိပ်ယာထဲမှာ ကျန်ခဲ့တဲ့သူကလည်း စဉ်းစားနေတာပါပဲ. . . တဲ့

"ငါ့နာရီအချိန်ကို သူ့သံချောင်းခေါက်သံနဲ့ အမြဲတမ်းတိုက်ထားတယ်ဆိုတာသိရင် သူဘာပြောမလဲ . . ."

ပုံပြင်က ဒါပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



▪ ၃၅ ▪

အဲ့ဒီပုံပြင်လေးကိုကြည့်ပြီး တွေးစရာတွေ အများကြီးရှိလာလိမ့် မယ်. . . လို့ ကျွန်တော်ထင်ပါတယ်။

"အမှန် (TRUTH)" ဆိုတာဘာလဲ?

လူတစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းထားတဲ့ရလဒ်တစ်ခုကို ခေါ်တာလား။

ဒါဖြင့် (အဲဒီ အမှန်တရားကို) "မှန်တယ်"လို့ ယုံကြည်ထားရတဲ့ ယုံကြည်မှု (Belief) ဆိုတာကကော ဘာအဓိပ္ပါယ်ရှိမှာလဲ?

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ရိုးရိုးလေးပါ။

အမှန်တရား (TRUTH)ဆိုတာကော . .

ယုံကြည်မှု (BELIEF)ဆိုတဲ့ အရာကော . .

နှစ်ခုစလုံးဟာ ဘောင် (FRAME) တစ်ခုအတွင်းမှာသာ ပြုလုပ်ထားတဲ့အရာဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာ နေထိုင်နေသမျှ အဲ့ဒီအဖွဲ့အစည်းရဲ့ ယုံကြည်မှု (BELIEF)က ကျွန်တော်တို့ကို ပြန်ချုပ်ချယ်ထားတာပဲ။

(လူတွေကပဲ "ယုံကြည်မှု"ဆိုတာကြီးကို ဖန်တီးကြတယ်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီယုံကြည်မှုကပဲ လူတွေကို ပြန်ချုပ်ချယ်တယ်)

စဉ်းစားကြည့်ပါ။

ကိုယ်ဟာ ဒီလူ့အဖွဲ့အစည်းမှာ နေထိုင်နေတယ်ဆိုရင် တစ်ခြားသူတွေ အားလုံးလက်ခံထားကြတဲ့ "ယုံကြည်မှု"ဟာ ကိုယ့်အပေါ်ကိုလည်း အရိပ်မိုး ဖုံးအုပ်လာတာပဲ။

အဲဒီ (အများကလက်ခံထားကြတဲ့)ယုံကြည်မှုကို ဆန့်ကျင်လိုက်တာနဲ့ တပြိုင်နက် ကိုယ်ဟာ အဲဒီလူ့အဖွဲ့အစည်းထဲမှာ နေထိုင်လို့ မရတော့ဘူး။ အများနဲ့ တစ်ညီတည်းမဖြစ်တော့ဘူး။ သီးခြားဖြစ်သွားတယ်။ ကင်းလွတ်သွားတယ်။

အဲဒီမှာတင် . . .

"ပတ်ဝန်းကျင်"ဆိုတာကို၊ "အသိုင်းအဝိုင်း"ဆိုတာကို ကြောက်တဲ့သူတွေဟာ . . .

ယုံကြည်မှု (BELIEF)တစ်စုံတစ်ရာရဲ့ အောက်ထဲ ခေါင်းလျှိုးဝင်ရောက်ကြတော့ တာပဲ။

အဲဒါဟာပုံပြင်ထဲက နာရီတိုက်သလို တိုက်ထားညှိထားတဲ့ အမှန်တရားစနစ်တစ်ခုထဲဝင်ပြီး ကိုယ့်ကိုကိုယ် အကျဉ်းချလိုက်တာ မဟုတ်ဘူးလား။

သေချာတာကတော့ . . .

စနစ်တစ်ခုရဲ့ နောက်ကိုလိုက်ရင် အဲ့ဒီစနစ်က ဖန်တီးထုတ်လုပ်ပေးနေကျ . . . ရလဒ်ကိုပဲ မလွဲမသွေရမှာပဲ။

ဒီယုံကြည်မှုက ဒီအဖြေကိုပဲ ထုတ်လုပ်ပေးလိမ့်မယ်။ ဒါကြောင့် ဘယ်တော့မှ "အသစ်"ကို ရမှာမဟုတ်ဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com



■ ၃၆ ■

ဘာကြောင့် . . . လူတွေဟာ ယုံကြည်မှုတစ်ခုခုမရှိရင် လူ့ဘဝမှာ နေလို့ထိုင်လို့ မဖြစ်တော့သလို ခံစားနေရတာလဲ. . . ?

တစ်နည်းအားဖြင့် ပြောရရင် . . .

လူတွေဟာ အားထားကိုးကွယ်စရာ "ယုံကြည်မှု"တစ်ခုခုရဲ့ နောက်မှာ ပုန်းအောင်းဖို့ ဘာကြောင့် အပြေးအလွှား ရှာဖွေနေကြတာလဲ. . ?

အဖြေက . . .

"ကြောက်စိတ်" ကြောင့်ပဲလို့ပြောရင်ရပါတယ်။

စိတ်ရဲ့ မလုံခြုံမှုကို ကြောက်တယ်၊ ပန်းတိုင်တစ်ခုခုဆီ မရောက်မှာကို ကြောက်တယ်၊ (တစ်ခုခုဖြစ်ချင်နေတဲ့ 'လောဘ' ရှိနေတာကြောင့်) ဘာမှ မဖြစ်ဘဲနေမှာကို ကြောက်တယ်။

အဲဒီ အကြောက်တရားတွေကနေ ယာယီထွက်ပြေးကွန်းခိုရာ ပုန်းအောင်းစရာ . . နေရာတစ်ခုကိုရဖို့ . . 'ယုံကြည်မှု' တစ်ခုခုကို လက်ခံပင်လိုက်တာပဲ။

ဝမ်းနည်းစရာကောင်းတဲ့ အချက်တစ်ချက်က . .

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ 'ယုံကြည်မှု' ဟာ ကိုယ့်ရဲ့အမြင်ကို (ပကတိ အရှိအရှိအတိုင်း မဖြစ် စေဘဲ) ချုပ်ချယ် အရောင်ဆိုးပေးတတ်တယ် ဆိုတာပါပဲ။

ကျွန်တော်တို့ဟာ အရှိကို အရှိတိုင်း သန့်သန့်ရှင်းရှင်း ကြည်ကြည်လင် လင် မမြင်တော့ပါဘူး။ ကျွန်တော်တို့ 'ယုံကြည်မှု'က စေခိုင်းကန့်သတ်ထားတဲ့ ပုံပျက်ပန်းပျက် ရုပ်လွှာကိုပဲ မြင်ရပါတော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



■ ၃၇ ■

ကျွန်တော်ဟာ 'ယုံကြည်မှု' (BELIEF)တွေကို ဆန့်ကျင်ရမယ်လို့ ရမ်းကားခိုင်းနေတာမဟုတ်ပါဘူး၊ 'ငါ . . ဘာကိုမှ မယုံကြည်ဘူးကွ' လို့ စတန့်ထွင်နေတာလည်း မဟုတ်ပါဘူး။

. . . ကျွန်တော်က

BURMESE CLASSIC

လူတစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုခြင်း မတူညီလို့ အမြင်ခြင်း ကွဲလွဲဆန့်ကျင်တာတွေ . . . ၊ ယုံကြည်မှုခြင်းမတူညီလို့ မစေ့စပ်တမ်း တိုက်ခိုက်နေရတဲ့ ရန်ပွဲတွေကို (ယုံကြည်မှု အစွဲအလန်းတွေ ခွာချပြီး) ပြေလည်ငြိမ်းချမ်းစေချင်သူပဲဖြစ်ပါတယ်။

မင်းခိုက်စိုးစန်

www.burmeseclassic.com